# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည် သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 April 2025 ၁၁၇၉၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု၊ လိုအပ်သည်များ လမ်းညွှန်မှာကြား

**နေပြည်တော် ဧပြီ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီဝင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးဝါးကုသမှုဆောင်ရွက်ပေးနေမှုများနှင့် လူနာများအား လိုအပ်သည့်


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ***





ကြေးမုံ

# လူအချင်းချင်းစာနာထောက်ထား အေးသင်္ကြန်ဖြင့် နှစ်သစ်ကူးပြောင်း

တန်ခူးလသင်္ကြန်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည်။ ရှေးမြန်မာအစဉ်အဆက် သမိုင်းကြောင်းရှည်လျားသည့် အစဉ်အလာကြီးမားသည့် ပွဲတော်ကြီးဖြစ်သည်။ မြန်မာ့မြေဖွား ဘာသာပေါင်းစုံ လူမျိုးတိုင်းက စိတ်အားထက်သန်စွာ စောင့်မျှော်ကြသည့်ပွဲတော်ဖြစ်သည်။ ရှေးခေတ် မဟာအတုလမင်းကြီးတို့ သင်္ကြန်ရေသဘင်ပွဲတော်ကို လွမ်းကြသလို ယနေ့ကာလတွင်လည်း မြန်မာလူမျိုးများအားလုံး တမ်းတလွမ်းလျ စိတ်ဝင်စားသည့်ပွဲတော်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည့် သင်္ကြန်ကာလ၌ အပျော်အပါးများသလို ကုသိုလ်ပွဲများလည်း စုံလင်လှသည်။ ရှေးက ငွေဖလားဖြင့် ရေကစားကြဖို့သာ ဦးစားပေးခဲ့ကြပြီး ယနေ့ကာလတွင် အားလုံးစိုရွှဲနည်းအမျိုးမျိုးနှင့်၍ ရေပက်ဖျန်းကြသည်။ ယဉ်ကျေးမှုအစဉ်အလာကြီးမားသည့် သင်္ကြန်ကာလတွင် သက်ကြီးပူဇော်ပွဲ၊ နှစ်သစ်မင်္ဂလာအခါတော်ပွဲ၊ စုပေါင်းရဟန်းခံရှင်ပြုပွဲ၊ သတ္တဝါများအသက်လွှတ်ဘေးမဲ့ပေးပွဲ၊ ကပ်ကျော်လာဘ်ခေါ် မုန့်လုံးရေပေါ်ဒါနပြုပွဲ၊ မုန့်လက်ဆောင်း၊ ရွှေရင်အေးကဲ့သို့ အာဟာရဒါနပြုပွဲ၊ ဥပုသ်သီလဆောက်တည်ခြင်း၊ သင်္ကြန်တွင်း တရားစခန်းပွဲစသည်ဖြင့် ကောင်းခြင်းအဖြာဖြာတို့ ပြုလုပ်ကြသည်။

မဟာသင်္ကြန်သည် နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်ပြီး လူသစ်စိတ်သစ်ဖြင့် နှစ်သစ်ဖြတ်သန်းကြရန်ဖြစ်သည်။ သင်္ကြန်ရေနှင့် ဆေးကြောသန့်စင်ရုံဖြင့် စိတ်တို့သည် စင်ကြယ်မွန်မြတ်ကောင်းမွန်လာမည်မဟုတ်ပေ။ မိမိတို့စိတ်ကို သင်္ကြန်ရေဖြင့် ဆေးကြောသလို ဖြူစင်သောစိတ်ထားများဖြင့် ကောင်းသောအမှုများကို ဆတက်ထမ်းပိုး ပြုလုပ်ကြရန်ဖြစ်သည်။ အညစ်အကြေးများကို သင်္ကြန်ရေဖြင့်ဆေးကြောသလို နှစ်ဟောင်းမှ မကောင်းမှုများအားလုံးကို ဖယ်ရှားရှင်းလင်းထားရစ်ခဲ့ရန်ဖြစ်သည်။ ယခုနှစ်သင်္ကြန်သည် ယခင်နှစ်များနှင့်မတူ ပြုပြင်ဆင်ခြင်ဆင်နွှဲရမည်ကို အားလုံးသတိပြုမိကြမည်ဖြစ်သည်။ ပူဆွေးသောကရောက်ကြရသော ပြည်သူများ၏ဘဝများ အေးချမ်းစေရန်အတွက် သင်္ကြန်ရေအေးဖြင့် ဆုမွန်ခြွေရမည်ဖြစ်သည်။

ပြီးခဲ့သည့်ကာလများက ကြုံတွေ့ခဲ့ရသည့်သောကများကြောင့် မြူးထူးပျော်ရွှင်မှုများကို ရှောင်ရှားကြရမည်ဆိုသော်လည်း မြန်မာတို့၏ ယဉ်ကျေးမှုအတာသင်္ကြန်နှင့်ပတ်သက်၍ ဂုဏ်ယူဝင့်ကြွားရမည့် ဂုဏ်ဒြပ်များနှင့် ယဉ်ကျေးမှုအစဉ်အလာတို့ကို ယဉ်ကျေးသိမ်မွေ့စွာ ထုတ်ဖော်ထိန်းသိမ်းကြရမည်ဖြစ်သည်။ အစဉ်အလာယဉ်ကျေးမှုလည်းမပျောက် ဆင်ခြင်ထိန်းသိမ်း ဆောင်ရွက်ရာလည်းရောက်အောင် ကျင်းပဆင်နွှဲနေသည်ကို တွေ့ရ၍ ဝမ်းမြောက်မိသည်။ မြန်မာလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ယူနက်စကိုက လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တင်သွင်းအသိအမှတ်ပြုခြင်းခံခဲ့ရသည်။

မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း၌ သတ်မှတ်ခြင်းခံခဲ့ရသဖြင့် ယခုနှစ် သင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုအစဉ်အလာတို့အပြင် တစ်မူထူးခြား စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ခဲ့သော်လည်း ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် နိုင်ငံတော်နှင့် အများပြည်သူတို့ ထိခိုက်ပျက်စီးဆုံးရှုံးမှု ပမာဏကြီးမားခဲ့သည်ကို စာနာထောက်ထားနားလည်သောအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့် လိုက်လျောညီထွေစွာ သင့်မြတ်ဆီလျော်အောင် ကျင်းပဆင်နွှဲနေသည်ကို တွေ့ရသည်။ ယခုနှစ်တွင် ရှေးယခင်နှစ်များကဲ့သို့ စည်ကားမှုမရှိသော်လည်း သင်္ကြန်၏အနှစ်သာရများကို ထိန်းသိမ်းဖော်ထုတ်နိုင်ခဲ့သည်။ ယခုနှစ်သင်္ကြန်အပေါ် အမြင်အမျိုးမျိုးရှိမည်ဖြစ်သော်လည်း ဖြစ်ထွန်းပေါ်ပေါက်မှု အခြေအနေများနှင့် လိုက်လျောညီထွေမှုရှိအောင် ဆောင်ရွက်ခဲ့ကြသည်ကို နားလည်ရမည်ဖြစ်သည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ငလျင်ဘေးဒဏ်ခံစားကြရသည့် ဒေသအသီးသီးမှ ထိခိုက်နစ်နာဆုံးရှုံးသူ ပြည်သူများကို စာနာထောက်ထားသောအားဖြင့် ယခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အပျော်အပါးနှင့် သီဆိုကခုန်ခြင်းများမပါဘဲ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့သောသင်္ကြန်၊ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပပြီး ၁၃၈၇ ခုနှစ် နှစ်သစ်ကို ကူးပြောင်းရန် နိုင်ငံတစ်ဝန်း၌ ဆင်နွှဲနေကြပြီဖြစ်သည်။ နှစ်သစ်ကို အတာရေအေးဖြင့် ပက်ဖျန်းကြိုဆိုပြီး အေးချမ်းသောမြန်မာ၊ ပျော်ရွှင်သောမြန်မာ၊ တိုးတက်သောမြန်မာဖြစ်လာအောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်မှ ရရှိလာသောလန်းဆန်းမှုများ၊ စိတ်ဓာတ်ခွန်အားများဖြင့် ငလျင်ဘေးဒဏ်ခံစားရသည့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သလို နှစ်သစ်တွင် ဖြစ်ထွန်းလာမည့် မွန်မြတ်ကောင်းမွန်သော စိတ်ထားများဖြင့် နိုင်ငံသူ နိုင်ငံသားအချင်းချင်း စာနာထောက်ထားပြီး ရိုင်းပင်းကူညီဖေးမကြကာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာဝပြောအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ဗီယက်နမ်နိုင်ငံ နိုင်ငံတော်သံဃနာယကအဖွဲ့က မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာတစ်သိန်း ပေးအပ်လှူဒါန်း

မန္တလေး မေ ၁၅

မန္တလေးတိုင်း ဒေသကြီးအတွင်း ငလျင်ဘေးဒဏ်သင့်နေရာများတွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက ဗီယက်နမ်နိုင်ငံ နိုင်ငံတော်သံဃနာယကအဖွဲ့က အမေရိကန်ဒေါ်လာ တစ်သိန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လက်ခံ၍ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။



မန္တလေးတိုင်း ဒေသကြီးအတွင်း ကူညီရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြိုကျပျက်စီး အဆောက်အအုံများနှင့် အန္တရာယ်ရှိအဆောက်အအုံများ ဖယ်ရှားရှင်းလင်းခြင်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၁၅

မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရင်ပြင်တော် ရတနာစံကျောင်းတော် အချို့နေရာများ ဒေသစာရီကြွချီတော်မူရာတွင်အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားဖူးဧည့်သည်များ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘုရားဂေါပကအဖွဲ့က ဘုရားကျောင်းတော်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်ကို ယာယီရပ်ဆိုင်းထားခဲ့သည်။

ယခုအခါ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပြန်လည်ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို ယခုနှစ်သီတင်းကျွတ် ဖောင်တော်ဦးဘုရားပွဲတော်ကာလအမီ ပြီးစီးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်များနှင့်လုပ်သားများဖြင့် အရှိန်အဟုန်မြှင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်း ထည့်ဝင်လှူဒါန်းငွေကျပ် ၁၀၃၆၇၆၀၀၀ ရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

## ၁၅ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - | ဦးအေဝမ်းစိုး | | | |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| | | | **စာပြင်** | - | ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံကြီး၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများအား ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

* ရှေ့ဖုံးမှ

ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက် ပေးထားမှုများကို ကြည့်ရှု၍ အားပေးစကား ပြောကြားကာ ထိခိုက်ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံကြီးအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး အဆောက်အအုံများအား ဆက်လက်သုံးစွဲရန် သင့်/မသင့် စစ်ဆေးဆောင်ရွက်သွားရန်နှင့် စနစ်တကျ စစ်ဆေးပြီးမှသာ သုံးစွဲရန်သင့်သော အာမခံချက်ရှိသည့် အဆောက်အအုံများကို ပြန်လည် ပြုပြင်သုံးစွဲရန်နှင့် ဝန်ထမ်းများအတွက် လိုအပ်သည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား ပြန်လည်တည်ဆောက်ပေးသွားရန် လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)သို့ ရောက်ရှိရာ ယာယီ ရှင်းလင်းဆောင်၌ နည်းပညာ တက္ကသိုလ် (ကျောက်ဆည်) ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် အဆောက်အအုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ဖြည့်ဆည်းဆောင်ရွက်

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော စာသင်ဆောင်များ၊ အားကစားခန်းမနေရာ၊ ကျောင်းသားအိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆောက်အအုံအပျက်အစီးများ ရှင်းလင်းဖယ်ရှား၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး၊ ကျောင်းအမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။


ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ အမြန်ဆုံးရှင်းလင်းဖယ်ရှားနိုင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ရွှေသာလျောင်းတောင်တော်သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်သွားသော ကျောက်သေတ္တာစေတီတည်ရှိနေမှုအား ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရွှေမုဋ္ဌောစေတီအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ဘုရားကြီး၏ ဂေါပကထံ အလှူငွေများ ပေးအပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ ၄ သို့ *





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်သေတ္တာစေတီ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

✻ စာမျက်နှာ ၃ မှ

ယင်းနောက် ကျောက်သေတ္တာစေတီတည်ရှိနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ကျောက်သေတ္တာစေတီ တည်ရှိနေမှုနှင့်ပတ်သက်သည့် တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က ကျောက်သေတ္တာစေတီနေရာကို Drone ဖြင့် အသေးစိတ်ရိုက်ကူး၍ အချက်အလက်ရယူရန်၊ မိုင်းခွဲဖြိုချခြင်းမပြုရန်၊ တောင်အောက်ရှိအများပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် ကျောက်သေတ္တာကြီး အောက်ခြေမှနေ၍ အရည်အသွေး ပြည့်မီသည့် ကွန်ကရစ်များဖြင့် RC လောင်းပြီး ထိန်းသိမ်း ဆောင်ရွက်ရန်နှင့် ကျောက်တုံးတော်ကြီး အောက်ရှိ ဈေးဆိုင်တန်းများ အန္တရာယ်မဖြစ်စေရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေမုဋ္ဌောစေတီတော် ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ကျောက်သေတ္တာစေတီ၏ မှတ်တမ်းဓာတ်ပုံများနှင့် ရွှေမုဋ္ဌောစေတီတော်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသောဓမ္မာရုံကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံး စနစ်တကျပြန်လည်တည်ဆောက်သွားရန် လမ်းညွှန်မှာကြားကာ ငလျင်ဒဏ်ကြောင့် ထိခိုက်သွားပြီး ပြန်လည်ပြင်ဆင်ထားသော ဆင်းတုတော်များအား ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ သို့ ✻



နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုကို တွေ့ရစဉ်။



ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုကို တွေ့ရစဉ်။

## ၂ မိနစ်

❖ နှစ်ရှစ်မတ်လ၊ ပူလှိုင်းကြွ၍
ပြင်းပြ "နေ"မှာ၊ ရက်စက်ပါဘိ
ချိန်ခါဆယ့်နှစ်၊ ငါးဆယ့်တစ်တွင်
ပစ်ခတ်သံပမာ၊ ဆူညံလာပြီး
ကြွကာမြေလှိုင်း၊ ခုတ်ထစ်ပိုင်းပြီ
တိုက်တိုင်းပြိုကြ၊ ကွဲအက်ကြနှင့်
ရရာဆွဲကာ၊ ပြေးဆင်းပါလည်း
ချို့မှာပိပြား၊ သံမကြားဘဲ
များစွာရက်စက်၊ ဒုက္ခသက်သော်
လက်နက်လျှင် မုန်တိုင်းဆင်......။
❖ တော်လဲသံမှာ၊ ဆူညံလာ၍
များစွာပစ်သွန်၊ ခွန်အားမခွန်ကြောင့်
မြို့စွန်ကျေးရွာ၊ မကျန်ပါဘဲ
တိုက်တာမျိုးစုံ၊ ဟိုတယ်ဇုန်နှင့်
ကုန်တိုက်တံတား၊ ပြိုကျသွားပြီ
ဘုရားကျောင်းကန်၊ ဘာမှမချန်ကာ
ရန်သူပမာ၊ ပြုမူပါပြီး
အော်ကာဟစ်သံ၊ ပွက်လောညံလျက်
ဒဏ်ခံရရှာ၊ တို့မြန်မာသည်
ပူဗျာဝေလျက် ခံရချက်......။
❖ နှစ်မိနစ်ကြာ၊ ချိန်လေးမှာပင်
မြို့ရွာများစွာ၊ ပျက်စီးရှာလျက်
ထီလာနေပြည်တော်၊ ကမ္ဘာကျော်နှင့်
တော်လဲဆုန်စိုင်း၊ မြို့စစ်ကိုင်းပြင်
တိုင်းမန္တလေး၊ ပြိုလဲပြေးရ
ဖြည်းဖြည်းပြိုကျ၊ တိုက်အလှလည်း
မြင်ရအုတ်ပုံ၊ ရင်ပန်းတုန်ရင်း
အကုန်တွေ့ရ၊ မချမ်းမြေ့ကြပြီ
သောကအပူ၊ ဝိုင်းဝန်းကူလျက်
တူညီစိတ်များ လက်တွဲထား......။
❖ ဩော်......
လျှော်ဘေးဒဏ်၊ ကျလာပြန်၍
ခံစားရခြင်း၊ ချိန်တိုတွင်းတွင်
ဖျက်နင်းသွားသည်၊ လျှော်မည်ကား
အော်မြည်သံစွဲ၊ လှုပ်ခတ်လည်းပဲ
မြဲမြဲဆုပ်ထား၊ တွဲလက်များတို့
အားမာန်တင်းကာ၊ ကျော်လွှားပါမည်
များစွာကူထား၊ နိုင်ငံများနှင့်
ပြည်သားပြည်သူ၊ ဝိုင်းဝန်းလှူကြ
လူတို့၏ ဖွဲ့၊ လုံ့လမြဲကာ
အားခဲတင်းလျက်၊ ဆက်ချီတက်၍
ခက်ခဲများအား ကျော်လွှားမည်။
လျှော်အားလည်း မမှုပြီ......။

**ရဲမင်းစိုး**

**(မတ် ၂၈ ရက်က လှုပ်ခတ်သွားသော အင်အားပြင်းလျှော်နှင့် အန်တုကျော်လွှားနေကြသော နိုင်ငံသူနိုင်ငံသားများသို့....)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောက်ဆည်မြို့ ဆင်မင်းဘိလပ်မြေစက်ရုံ လျှော်ဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့ ဆင်မင်း ဘိလပ်မြေစက်ရုံသို့ သွားရောက်၍ လျှော်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံများအား လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား အဆောက်အအုံ အပျက်အစီးများကို အပိုင်းလိုက်ခွဲ၍ ရှင်းလင်းဖယ်ရှားရန်၊ ပြင်ဆင်စရာရှိသည်များကို ယခင်ထက် ပိုမိုကောင်းမွန်အောင် အမြန်ဆုံး ပြင်ဆင် ဆောင်ရွက်သွားရန်နှင့် စက်ရုံ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖

## အင်းလေးဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လျှပ်စစ်မီးလိုင်းများ ပြုပြင်ဆောင်ရွက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

ညောင်ရွှေ မေ ၁၅

အင်အားပြင်းထန်သည့် လျှော်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးကန်အတွင်းရှိ ကျေးရွာများ၌ ပြန်လည်ထူထောင်နိုင်ရေး လုပ်ငန်းများနှင့် ထိခိုက်ပျက်စီးသွားသည့် လျှပ်စစ်မီးတိုင်များ ပြုပြင်တည့်မတ်ရေးလုပ်ငန်းများကို ယနေ့တွင် ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

အင်းလေးကန်အတွင်းရှိ လျှော်ဒဏ်ပြင်းထန်စွာ ခံစားခဲ့ရသည့် ကျေးရွာများတွင် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများ၊ လူနေအိမ်များနှင့် အဆောက်အအုံများအား စနစ်တကျရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လုပ်အားဒါနရှင်များက ဝိုင်းဝန်းစုပေါင်းဆောင်ရွက်လျက်ရှိကြပြီး ကျိုးကျပျက်စီး၊ တိမ်းစောင်းယိုင်နဲ့သွားသည့် လျှပ်စစ်မီးတိုင်များအား အသစ်လဲလှယ်စိုက်ထူခြင်း၊ တည့်မတ်ပြုပြင်ခြင်းနှင့် ဓာတ်အားလိုင်းကြိုးများ ပြုပြင်ခြင်းလုပ်ငန်းများကို လျှပ်စစ်ဌာနတာဝန်ရှိသူများနှင့် ကျွမ်းကျင်လုပ်သားများဖြင့် အမြန်ဆုံးပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ငလျင်ဘေးဒဏ်ကြောင့်ပျက်စီးသွားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနပိုင်အဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ကယ်ဆယ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား အားပေးစကားပြောကြား



**နေပြည်တော် ဧပြီ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဧပြီ ၁၄ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းဒေသကြီး)ရုံး၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း (အိတ်ချိန်းရုံး)၊ မြန်မာ့စာတိုက်လုပ်ငန်း၊ မန္တလေးဘူတာကြီး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (တိုင်းဒေသကြီး)ရုံး၊ ချမ်းမြသာစည်လေဆိပ်၊ စစ်ကိုင်းတံတား(အင်းဝ)တို့၏ ပျက်စီးမှုများ၊ ဝန်ထမ်းအိမ်ရာများ၏ ပျက်စီးမှုအခြေအနေများ၊ ဝန်ထမ်းများအား ယာယီရွှေ့ပြောင်းနေရာချထားသည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကာ မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော လေဆိပ်အဆောက်အအုံကို ကြည့်ရှုစစ်ဆေးခြင်း၊ ပြည်တွင်း လေကြောင်းခရီးစဉ်ဆိုက်ရောက်/ ထွက်ခွာနိုင်ရန် ယာယီခရီးသည် အဆောက်အအုံ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပြည်ပခရီးစဉ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆိုက်ရောက်/ ထွက်ခွာယာယီခရီးသည် အဆောက်အအုံ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေ၊ လေယာဉ်ပြေးလမ်း ပျက်စီးနေမှုအခြေအနေ၊ ယာယီလေကြောင်းထိန်းမျှော်စင်နှင့် ငလျင်ဒဏ်ထိခိုက်ခံထားရသော လေကြောင်းထိန်းမျှော်စင်၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မန္တလေးလေဆိပ်တွင် အပြည်ပြည်ဆိုင်ရာလေကြောင်းခရီးစဉ်များကို ဧပြီ ၂၅ ရက်မှ စတင်ဖွင့်လှစ်ပြေးဆွဲနိုင်ရေးနှင့် ဝန်ထမ်းများ အန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းဆောင်ရွက်နိုင်ရေးတို့အတွက် စနစ်တကျဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းဒေသကြီး)ရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ ဝန်ထမ်းများ ယာယီအခြေပြုလျက်ရှိသော ပြည်ကြီးတံခွန်မြို့နယ် အိတ်ချိန်းရုံးသို့ သွားရောက်ကာ ရုံးအဆောက်အအုံပျက်စီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးဘူတာကြီး၌ ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။ ယင်းနောက်မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော မန္တလေးဘူတာကြီး၏ ပျက်စီးမှုအခြေအနေများကို ကြည့်ရှု၍ အမြန်ဆုံးပြန်လည်ပြုပြင်ဆောင်ရွက်ရန် မှာကြားပြီး ယာယီနေရာချထားပေးသည့် မြန်မာ့မီးရထားရိပ်သာ(မန္တလေး)သို့ ရောက်ရှိကာ မြန်မာ့မီးရထားဝန်ထမ်းမိသားစုများ အတွက် နေရာထိုင်ခင်း၊ စားသောက်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး စီစဉ်ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးရုံး (မန္တလေး)၌ မန္တလေး တိုင်းဒေသကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားပြီး ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထိုမှတစ်ဆင့် ချမ်းမြသာစည် လေဆိပ်အဟောင်းနေရာနှင့် ခရီးသည်အဆောက်အအုံ (Terminal) တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတံတား (အင်းဝ) သို့ ရောက်ရှိပြီး ဧရာဝတီမြစ်အတွင်း ပြုတ်ကျသွားသည့် သံပေါင်ခုံးခြောက်ခုံးနှင့် တံတားကမ်းကပ်ခုံ ပြိုကျမှုများကို ကြည့်ရှုစစ်ဆေးကာ ပိတ်ဆို့သံပေါင်ခုံးများကို အမြန်ဆုံး ရှင်းလင်းဖယ်ရှားနိုင်ရေးနှင့် ရေလမ်းကြောင်းဖွင့်လှစ်နိုင်ရေး၊ ရထားလမ်းတံတားကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တိုင်းတာတွက်ချက်စစ်ဆေးမှုများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် စစ်ကိုင်းတံတား (အင်းဝ) ၏ သံပေါင်ခုံးအချို့ ပြိုကျပျက်စီးခဲ့သောကြောင့် သွားလာမှု ယာယီပြတ်တောက်နေခြင်းကို တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရေးအတွက် မန္တလေး (ရွှေကြက်ယက်) ဆိပ်ကမ်းနှင့် စစ်ကိုင်းဆိပ်ကမ်းသို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ရေယာဉ်များ၊ ပုဂ္ဂလိကပိုင် ကုန်တင်တွဲဆွဲရေယာဉ်ကြီးများဖြင့် ကုန်တင်မော်တော်ယာဉ်ကြီးများ နှင့် ကယ်ဆယ်ရေး လုပ်ငန်းသုံးယန္တရားကြီးများအား သယ်ယူပို့ဆောင်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆင်သေရေသောက်စနစ်အတွင်းရှိ သီးနှံများပျက်စီးဆုံးရှုံးမှုလျော့ချနိုင်ရေး ကြိုးပမ်း





**နေပြည်တော် ဧပြီ ၁၅**

ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်နှင့် တာဝန်ရှိသူများသည် ဧပြီ ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာ အနီး ဆင်သေချောင်းပေါ်ရှိ ဆင်သေရေလှောင်တမံ၏ ဝင်ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မတ် ၂၈ ရက် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုအပြီးတွင် ဆင်သေရေလှောင်တမံ၌ တမံအူကြောင်းနှင့်အပြိုင် အက်ကြောင်းများ၊ တမံအူကြောင်းနှင့် ကန့်လန့်ဖြတ်အက်ကြောင်းများ၊ တမံအထက်ပိုင်းအလျောနှင့် အောက်ပိုင်းအလျောတို့တွင် အက်ကြောင်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံရေးအတွက် တမံကို ဘူမိရူပဗေဒတိုင်းတာမှု (လျှပ်စစ်ခုခံမှုတိုင်းတာခြင်း နည်းစနစ်) ဖြင့် တိုင်းတာစစ်ဆေးခြင်း အပါအဝင် မျက်မြင်စစ်ဆေးချက်များအရ ပြင်းထန်လျင်ကြောင့် ဖြစ်ပေါ်ခဲ့သော အက်ကြောင်းများသည် တမံအပေါ်ယံ ခြောက်ပေခွဲခန့်အနက်ရှိပြီး တမံ၏ကြံ့ခိုင်မှုကို ထိခိုက်နိုင်စွမ်းမရှိကြောင်း၊ တမံ၏ အက်ကြောင်းများအတွင်းသို့ သဲဖြည့်၍ ထိပ်မျက်နှာပြင်ကို ရွေးချယ်ထားသော ဖို့မြေဖြင့် သိပ်သည်းအောင် ပြန်လည်ပိတ်ခြင်းအပြင် အပေါ်မှ မိုးကာများ အုပ်ထားပြီးဖြစ်ကြောင်း၊ ထပ်မံဖြစ်ပေါ်လာမှု အခြေအနေနှင့် ပြောင်းလဲထူးခြားမှုကို အချိန်နှင့်တစ်ပြေးညီ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဇုန်မြေသားတမံ အမျိုးအစားဖြစ်ပြီး တမံအမြင့် ၁၀၉ ပေ၊ တမံအလျားပေ ၁၃၅၀ ရှိ ဆင်သေရေလှောင်တမံမှ ဆည်ရေများကို ဒဟတ်ကုန်းကျေးရွာအနီး တည်ဆောက်ထားသည့် ဆင်သေရေလွှဲဆည်မှတစ်ဆင့် စိုက်ပျိုးမြေဧရိယာ ဧက ၁၀၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိပြီး မတ် ၂၈ ရက် မန္တလေး ငလျင်ကြီးကြောင့် ဆင်သေရေလွှဲဆည် ကျိုးပေါက်ခဲ့မှုအား ယာယီရေတားတမံ တည်ဆောက်၍ ဧပြီ ၈ ရက်တွင် နွေသီးနှံ စိုက်ပျိုးရေပေးဝေခဲ့သော်လည်း ဧပြီ ၁၁ ရက်တွင် ရစ်(ခ်)တာစကေး လေးအထက် ငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့မှုကြောင့် ဆင်သေရေလွှဲဆည်တမံ ကိုယ်ထည်မှ ထုးပေါက်ဖြစ်ပေါ်ခဲ့သဖြင့် ရေလွှဲဆည်တွင် ရေထိန်းသိမ်းနိုင်ခြင်း မရှိတော့ဘဲ စိုက်ပျိုးရေပေးဝေမှုကို ဧပြီ ၁၂ ရက်တွင် ရပ်နားထားခဲ့ရကြောင်း၊ ရေသောက်စနစ်အတွင်း ရှိသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများက စက်ယန္တရားများ အသုံးပြု၍ အားသွန်ခွန်စိုက်ကြိုးပမ်းလျက်ရှိကြောင်းနှင့် တောင်သူများအားလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်လမ်းလျှောက်သင်္ကြန် ဧရိယာအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးသင်္ကြန်ဆင်နွှဲနေမှုများကို ပြည်ထောင်စုဝန်ကြီးများ တက်ရောက်အားပေး

**နေပြည်တော် မေ ၁၅**

နေပြည်တော် လမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ရေအေးသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနား တောင်ညိုလမ်းပေါ်ရှိ စည်ပင်ဥယျာဉ်ရိပ်သာ လမ်းဆုံဧရိယာအတွင်း ယနေ့သင်္ကြန်အကြတ်နေ့ကိုဆက်လက် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီ၊ ဒေါက်တာစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးရဲတင့်တို့ တက်ရောက်အားပေးကြသည်။

**အားပေးစကားပြောကြား**

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာမှ အဘိုး ၁၀ ဦးနှင့် အဘွား ၁၀ ဦးတို့အား မြန်မာ့ရိုးရာအစဉ်အလာအတိုင်း တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပေးနေမှုနှင့် လက်သည်းခြေသည်း ညှပ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး အဘိုးအဘွားများ၏ ကျန်းမာရေး အခြေအနေတို့ကို မေးမြန်း အားပေးစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဒုတိယဝန်ကြီးတို့သည် အဘိုး အဘွားများအား ဂါရဝပြုလက်ဆောင်များ ပေးအပ်လှူဒါန်းပြီး နှစ်ဟောင်းမှ အဆိုးအညံ့များ ပျောက်စေကာ နှစ်သစ်တွင် အကောင်းအသန့်များ ရရှိစေရန်အလို့ငှာ သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

ယင်းနောက် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနေသည့် ပြည်သူများနှင့် ဝန်ထမ်းများစားသုံးနိုင်ရန် နေပြည်တော်လမ်းလျှောက်သင်္ကြန် စတုဒိသာမဏ္ဍပ်၌ မြန်မာ့ရိုးရာမုန့်များဖြစ်သည့် ရွှေကြည်မုန့်နှင့် မုန့်လက်ဆောင်းများကို ဝေငှပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာမှ အဘိုး အဘွားများအား ခေါင်းလျှော်ပေးနေမှုနှင့် လက်သည်းခြေသည်း ညှပ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးစဉ်။

ထို့အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က ကရုဏာကမ္ဘာ့ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား နေ့လယ်စာအဖြစ် ပဲထမင်းနှင့် ကြက်သား ဟင်းလျာများကို ပေးအပ်လှူဒါန်းကြသည်။



ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီနှင့် ဒေါက်တာစိုးဝင်းတို့ အဘိုး အဘွားများအား နေ့လယ်စာ ပဲထမင်းနှင့် ကြက်သား ဟင်းလျာများ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးခင်မောင်ရီနှင့် ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ရှိသူများက နေပြည်တော်လမ်းလျှောက်သင်္ကြန်ဧရိယာ အတွင်းရှိ အောင်ဘာလေ စတုဒိသာမဏ္ဍပ်၌ ပါဝင်ဆင်နွှဲနေကြသည့် ပြည်သူများအား ရွှေရင်အေးများ၊ ရေဖလားများ၊ ဦးထုပ်များ၊ မျက်နှာသုတ်ပုဝါများနှင့် ဖုန်းထည့်အိတ်များကို ဝေငှပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာစီးပွားရေး ကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် အလှူရှင်များက နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ ပါဝင်ဆင်နွှဲနေကြသည့် ပြည်သူများ နေ့လယ်စာအဖြစ် သုံးဆောင်နိုင်ရန် ပဲထမင်းနှင့် ကြက်သားဟင်းလျာဘူး ၁၀၀၀ ကို ဝေငှပေးကြသည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လမ်းလျှောက်သင်္ကြန်အတွင်း စိတ်အေးချမ်းသာစွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနေကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ လမ်းလျှောက်သင်္ကြန်ဧရိယာအတွင်း နှစ်ဟောင်းမှအဆိုးအညံ့တို့ ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန် ရည်ရွယ်၍ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားနေမှုကို လည်းကောင်း၊ ဈေးဆိုင်တန်းများဖွင့်လှစ်ရောင်းချနေမှုကို လည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများနှင့် အလှူရှင်များက နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအား နေ့လယ်စာအဖြစ်သုံးဆောင်နိုင်ရန် ပဲထမင်းနှင့် ကြက်သားဟင်းလျာဘူးများ ဝေငှစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ နေပြည်တော်လမ်းလျှောက်သင်္ကြန် ဧရိယာအတွင်း ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၅**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရာ နိုင်ငံတော်အစိုးရအနေဖြင့် အလျင်အမြန်စုံစမ်းစစ်ဆေးခြင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းနှင့် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဖိတ်ခေါ်လမ်းဖွင့်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ငလျင်ဒဏ်သင့်ပြည်သူများထံ နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မတ် ၂၉ ရက် ညပိုင်းမှစ၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်သီလဝါဆိပ်ကမ်းတို့သို့ ရောက်ရှိလာခဲ့သည်။

မတ် ၃၀ ရက်မှ ဧပြီ ၁၃ ရက်အထိ ငလျင်ဘေးသင့်ပြည်သူများအတွက် အိန္ဒိယနိုင်ငံ AHA Center၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံ၊ လာအိုနိုင်ငံ၊ Singapore Red Cross Society၊ နီပေါနိုင်ငံ၊ UAE နှင့် ဘရူနိုင်းနိုင်ငံတို့မှ ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ငလျင်ဘေးသင့်ဒေသများသို့ အချိန်မဆိုင်းဘဲ ဆက်လက်ဖြန့်ခွဲဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာက ကူညီထောက်ပံ့သည့်ပစ္စည်းများမှာ မိုးကာတဲ၊ တာပေါ်လင်၊ Hygiene Kit၊ Kitchen Set၊ မီးစက်၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ ခွဲစိတ်ခန်းသုံးပစ္စည်းတို့ဖြစ်သည်။

**စာမျက်နှာ ၉ သို့ ☆**



အိန္ဒိယနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ စစ်သင်္ဘောဖြင့် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိစဉ်။


AHA Centre မှ လှူဒါန်းသည့် တာပေါ်လင်စများ။


တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်လေဆိပ်သို့ ရောက်ရှိစဉ်။


ဗီယက်နမ်နိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်မြို့သို့ ရောက်ရှိစဉ်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ စစ်သင်္ဘောဖြင့် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိစဉ်။



အင်ဒိုနီးရှားနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ။

☆ စာမျက်နှာ ၈ မှ

အထက်ပါပေးပို့လှူဒါန်းသောပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့မှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၄၈ စီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများနှင့် မန္တလေး(တံတားဦး) အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိသည့် ပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၁ စီးဖြင့် ပေးပို့ထားသည့် လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)သို့ မော်တော်ယာဉ်ငါးစီးဖြင့် ပေးပို့ခဲ့သည့် လှူဒါန်းပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်လျက်ရှိသည်။ လှူဒါန်းရရှိသည့်ပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ဒဏ်ရာရရှိသည့်ပြည်သူများအား ကုသရာတွင် အသုံးပြုလျက်ရှိသည်။

နိုင်ငံတကာအလှူရှင်များ၏ လှူဒါန်းပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို နောက်ဆက်တွဲပါဇယားများဖြင့် ပူးတွဲ၍ ဖော်ပြအပ်ပါသည်။

ထို့ပြင် နိုင်ငံတကာအလှူရှင်များက ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **သတင်းစဉ်**

**ဘေးသင့်ပြည်သူများအတွက် နီပေါနိုင်ငံမှလှူဒါန်းပစ္စည်း ရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | |
| ၁ | မိုးကာတဲ | လုံး | ၂၇၀ | - | - | - | - | |
| ၂ | Kitchen Set | ဖာ | ၉၈ | ၃၆ | ၅၅ | ၃ | ၄ | |
| ၃ | စားသောက်ကုန်ပစ္စည်း | ဖာ | ၃၄ | ၁၁ | ၁၁ | ၆ | ၆ | |
| ၄ | လူသုံးကုန်ပစ္စည်းများ | မျိုး | ၂၈ | ၇ | ၇ | ၇ | ၇ | |
| ၅ | အိမ်သုံးပစ္စည်း | မျိုး | ၃၂ | ၈ | ၈ | ၈ | ၈ | |

**ဘေးသင့်ပြည်သူများအတွက် ဘရူနိုင်းနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
**(၃၀-၃-၂၀၂၅ ရက်နေ့မှ ၁၃-၄-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | Hygiene Kit | ဖာ | ၅၀၀ | - | | - | ၅၀၀ | - | |
| ၂ | လူသုံးကုန်ပစ္စည်း | မျိုး | ၁ | - | | - | ၁ | - | |



ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ။




ဘယ်လာရုစ်နိုင်ငံမှ လှူဒါန်းသည့်ပစ္စည်းများ။




ပါကစ္စတန်နိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ နေပြည်တော်သို့ ရောက်ရှိစဉ်။




နီပေါနိုင်ငံမှ လှူဒါန်းသည့် စားသောက်ကုန်များ။



ဘရူနိုင်းနိုင်ငံမှ ထောက်ပံ့ရေးပစ္စည်းများ နေပြည်တော်သို့ ရောက်ရှိစဉ်။

စာမျက်နှာ ၁၀ သို့ ☆

☆ စာမျက်နှာ ၉ မှ



လာအိုနိုင်ငံမှ လှူဒါန်းသည့် ဆန်အိတ်များ။




UAE နိုင်ငံမှ လှူဒါန်းပစ္စည်းများ နေပြည်တော်သို့ ရောက်ရှိစဉ်။





နေပြည်တော်ကောင်စီနယ်မြေအတွင်း လျော်ကြေးသင့်သူများအတွက် ပြည်တွင်း/ ပြည်ပ လှူဒါန်းပစ္စည်းများ ထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။





မန္တလေးတိုင်းဒေသကြီးအတွင်း လျော်ကြေးသင့်သူများအတွက် ပြည်တွင်း/ ပြည်ပလှူဒါန်းပစ္စည်းများ ထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လျော်ကြေးသင့်သူများအတွက် ပြည်တွင်း/ ပြည်ပ လှူဒါန်းပစ္စည်းများ ထောက်ပံ့မှု မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်အတွင်း လျော်ကြေးသင့်သူများအတွက် ပြည်တွင်း/ ပြည်ပ လှူဒါန်းပစ္စည်းများ ထောက်ပံ့မှုမှတ်တမ်းဓာတ်ပုံ။

# ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေး ယာယီတည်းခိုရေးစခန်းများ တည်ဆောက်ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိ

**မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးလျှင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နိုင်ငံ့ဝန်ထမ်းအိမ်ရာများ ပြိုကျပျက်စီးခြင်းနှင့် ကြီးမားစွာထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ယာယီတည်းခိုရေးစခန်းများကို တည်ဆောက်ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိသည်။**

**တွေ့ဆုံမေးမြန်း - အေးအေးသန့်**
**ဓာတ်ပုံ - ကိုအေးသန်း**

ထိုသို့ယာယီနေရာချထားပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသည့် ယာယီတည်းခိုရေးစခန်းသို့ သွားရောက်၍ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုအခြေအနေ၊ ရေ၊ မီး၊ မိလ္လာကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပြီးစီးမှုနှင့် ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား နေရာချထားမှုအခြေအနေတို့ကို မြေပြင်ကွင်းဆင်းလေ့လာကာ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားမှုများကို ရေးသားဖော်ပြလိုက်ပါသည်-



ဦးစိုင်းသိန်းဦး




ဒေါက်တာအောင်သူရဝင်း



မအေးအေးငြိမ်းပြည့်



မအိအိစိုးမြင့်



မနှင်းဝေလွင်

**ဦးစိုင်းသိန်းဦး(အုပ်ချုပ်ရေးမှူး၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်)**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့ မန္တလေး ငလျင်ကြီးကြောင့် ဘေးသင့်ပြည်သူတွေနဲ့ ဝန်ထမ်းတွေ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ဖို့အတွက် အထက်ဌာနညွှန်ကြားချက်အရ ဝဏ္ဏသိဒ္ဓိရပ်ကွက်တည်းခိုရေးစခန်းမှာ ယာယီမိုးကာတဲတွေ ဆောက်လုပ်ထားပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာဆိုရင် စက်မှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွေမှာရှိတဲ့ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစု စုစုပေါင်း ၅၈၇ ဦးရှိပါတယ်။ ယာယီမိုးကာတဲ အနေနဲ့ ၁၇၂ လုံး ရှိပါတယ်။ ငလျင်ဘေးသင့် ဝန်ထမ်းမိသားစုတွေအတွက် ကျန်းမာရေးနဲ့ ပတ်သက်လို့ ကျန်းမာရေးဝန်ကြီးဌာနက နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှုပေးနေတာ ရှိပါတယ်။ သီရိလင်္ကာနိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေလည်း လာရောက်ဝန်ဆောင်မှုပေးပါတယ်။ သောက်သုံးရေအတွက် ရေသန့်စက်တည်ဆောက်ထားပါတယ်။ ပြည်သူလူထုက လှူဒါန်းထားတဲ့ ရေသန့်ဘူးတွေလည်း ရှိပါတယ်။ စည်ပင်သာယာရေးကော်မတီက ချိုးရေနဲ့သုံးရေအတွက် နေ့စဉ် ဂါလန် ၄၀၀၀ လောက် လာရောက်ရေဖြည့်ပေးပါတယ်။ မိလ္လာအတွက် ကျား၊ မ ခွဲခြားထားပြီး အလုံးရေ ၂၀ ရှိပါတယ်။ ရေချိုးဖို့အတွက်လည်း ကျား၊ မ နေရာခွဲခြားထားပါတယ်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကလည်း တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးပါတယ်။ လုံခြုံရေးနဲ့ ပတ်သက်လို့လည်း မြန်မာနိုင်ငံရဲ့တပ်ဖွဲ့က ရဲဝန်ထမ်းတွေ ရှိပါတယ်။ လှည့်ကင်းရဲတွေလည်းရှိပါတယ်။ အားလုံးစိတ်အေးချမ်းလုံခြုံစွာနဲ့ နေထိုင်နိုင်ဖို့အတွက် တစ်ဦးနဲ့တစ်ဦးဝိုင်းဝန်းကူညီ စောင့်ရှောက်ကြပါတယ်။

**ဒေါက်တာအောင်သူရဝင်း (RTT အသင်း တာဝန်ခံ)**

ကျွန်တော်တို့အဖွဲ့ကလူအင်အား ၄၁ ယောက်ပါဝင်ပြီး ရောဝတီတိုင်းဒေသကြီး RTT အသင်းက ဖြစ်ပါတယ်။ နေပြည်တော်မှာရှိတဲ့ ငလျင်ဘေးသင့် ဝန်ထမ်းတွေနဲ့ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်ဖို့ ရောက်ရှိနေတာ ဖြစ်ပါတယ်။ ဇမ္ဗူသီရိမြို့နယ်အတွင်းမှာရှိတဲ့ ယာယီတည်းခိုရေးစခန်းတွေမှာ နေ့ဂျူတီ၊ ညဂျူတီခွဲပြီး သုံးဦးစီထားရှိပါတယ်။ ကျွန်တော်တို့ဆီမှာလည်း လိုအပ်တဲ့ ဆေးဝါးတွေပါရှိပါတယ်။ သာမန်ရောဂါအတွက်ကတော့ ဒီယာယီတည်းခိုရေးစခန်းမှာပဲ ကုသပေးပါတယ်။ ခွဲစိတ်ရမယ့်ရောဂါနဲ့ လွှဲပြောင်းရမယ့်ရောဂါတွေဆိုရင် မြို့နယ်၊ ခရိုင်အစရှိတဲ့ ဆေးရုံတွေကို လွှဲပြောင်းပေးပါတယ်။ ကျန်းမာရေး စောင့်ရှောက်ဖို့အတွက် Mobile Team လည်း သုံးဖွဲ့ခွဲခြားထားပါတယ်။

**မအေးအေးငြိမ်းပြည့် (စေတနာ့ဝန်ထမ်း)**

ကျွန်မတို့က ဝဏ္ဏသိဒ္ဓိရပ်ကွက် ယာယီ တည်းခိုရေးစခန်းမှာ လူအင်အား သုံးယောက်နဲ့ ကူညီမှုတွေ ပေးနေပါတယ်။ ကျွန်မတို့က ဒီယာယီတည်းခိုရေးစခန်းမှာဆိုရင် လူဦးရေစာရင်းနဲ့ စတိုထိန်းသိမ်းရေးပိုင်းကို တာဝန်ယူထားပါတယ်။ ကျွန်မအပိုင်းကတော့ အိမ်ထောင်စုစာရင်းကို အသက်အရွယ်အပိုင်းအခြားနဲ့ စာရင်းအတိကျ ဆောင်ရွက်ပါတယ်။ ကူညီထောက်ပံ့ရေး ပစ္စည်းတွေခွဲဝေပေးတဲ့အခါမှာလည်း မှားယွင်းမှုမရှိစေဖို့အတွက် အိမ်ထောင်ဦးစီးအလိုက် ခွဲဝေပေးပါတယ်။ လူဦးရေတိကျဖို့အတွက် ယာယီမိုးကာတဲတွေမှာ အိမ်ထောင်ဦးစီးနာမည်နဲ့ မိသားစုဝင်စာရင်းတွေ ရေးပြီးကပ်ထားပါတယ်။ ဝန်ထမ်းနဲ့ ဝန်ထမ်းမိသားစုတွေ လိုအပ်ချက်မရှိစေဖို့အတွက် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပါတယ်။ ဒီယာယီတည်းခိုရေးစခန်းမှာ နေထိုင်တဲ့မိသားစုတွေကို ကျန်းမာရေးအထူးဂရုစိုက်ကြပါလို့ ပြောချင်ပါတယ်။

**မအိအိစိုးမြင့် (ဝန်ထမ်း၊ စက်မှုဝန်ကြီးဌာန)**

ကျွန်မအနေနဲ့ ဝဏ္ဏသိဒ္ဓိရပ်ကွက် ယာယီတည်းခိုရေးစခန်းမှာ ရေ၊ မီးကအစ ရရှိပြီဖြစ်တဲ့အတွက် နေထိုင်ရတာ အဆင်ပြေပါတယ်။ ဖုန်းအားသွင်းဖို့အတွက်ပါ အသေးစိတ်စီစဉ်ပေးထားတဲ့အတွက် မိသားစုနဲ့လည်း အဆက်သွယ်မပြတ်တော့ပါဘူး။ ကျန်းမာရေးအဖွဲ့နဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းပါရှိတဲ့အတွက် ကျန်းမာရေးအတွက်လည်း စိတ်အေးရပါတယ်။ အိမ်သာနဲ့ ရေချိုးဖို့နေရာကိုလည်း ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားပေးထားတဲ့အတွက် စိတ်လုံခြုံမှုပါရရှိပါတယ်။ သောက်သုံးရေအတွက်က ရေသန့်စက်လည်း တည်ဆောက်ပေးထားပါတယ်။ အခုလတ်တလောမှာတော့ အလှူရှင်တွေ လှူဒါန်းပေးထားတဲ့ ရေသန့်ဘူးတွေပဲ အသုံးပြုနေပါတယ်။ စားသောက်ရေးအတွက်ကတော့ အလှူရှင်တွေ လာလှူပေးပါတယ်။ အလှူရှင်တွေ မလာတဲ့ရက်ဆိုရင် အုပ်ချုပ်ရေးမှူးက စီမံဆောင်ရွက်ပေးပါတယ်။ ယာယီမိုးကာတဲကလည်း ကျဉ်းမြောင်းတာရယ်၊ ထပ်တိုးလူဦးရေတွေလည်း ရှိတဲ့အတွက် ချက်စားခွင့် မပေးသေးပါဘူး။ မီးလင်းရေးအတွက် ကတော့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက လုံခြုံရေးမီးတွေ ထားပေးပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေနဲ့ ဒီစခန်းမှာ ၂၄ နာရီ ရဲဝန်ထမ်းရှိပါတယ်။ ရဲကင်းလှည့်ကားတွေလည်း တစ်နေ့ကို သုံးကြိမ်လောက် ကင်းလှည့်ပါတယ်။ ကျွန်မအနေနဲ့ ဒီယာယီတည်းခိုရေးစခန်းမှာ နေထိုင်ရတာ အစစအရာရာ အဆင်ပြေပြီး ကိုယ်၊ စိတ်လုံခြုံမှုတွေ အပြည့်အဝရရှိပါတယ်။

**မနှင်းဝေလွင်(ကုသိုလ်ရှင်)**

ကျွန်မက အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ဖြစ်ပါတယ်။ အားကစားရွာထဲမှာလည်း ငလျင်ဒဏ်ခံစားရတဲ့ မိသားစုဝင်တွေ ရှိတဲ့အတွက် ကုသိုလ်ပြု လှူဒါန်းတာဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အလှူရှင်တွေ လှူဒါန်းတဲ့ စုပေါင်းအလှူလေးဖြစ်ပါတယ်။ အစပိုင်းမှာတော့ အားလုံးက ရေသန့်လိုအပ်မယ်ထင်လို့ သောက်ရေသန့် လှူဒါန်းဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာဆိုရင် ဟင်းစားတွေပို့ပြီး လှူဒါန်းဖြစ်ပါတယ်။ နှစ်ဆန်းတစ်ရက်နေ့မှာဆိုရင် တရော်ကင်ပွန်း ခေါင်းလျှော်ရည်နဲ့ အအေးလှူဒါန်းမှာ ဖြစ်ပါတယ်။ မီးဖိုချောင်သုံးပစ္စည်းနဲ့ အဝတ်အထည်တွေကိုဗလာမပါ ကံစမ်းမဲ အစီအစဉ်လေး ပြုလုပ်ပေးမှာဖြစ်ပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာ လိုအပ်တဲ့နေရာရေးပေးတဲ့အခါ အဲဒီနေရာတွေကိုလည်း သွားရောက် လှူဒါန်းဖြစ်ပါတယ်။



ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသည့် ယာယီတည်းခိုရေးစခန်းကို တွေ့မြင်ရစဉ်။



ဝဏ္ဏသိဒ္ဓိရပ်ကွက်၌ တည်ဆောက်ထားသည့် ယာယီတည်းခိုရေးစခန်းတွင် ရေသန့်စက်တည်ဆောက်ထားရှိမှုကို တွေ့မြင်ရစဉ်။

# လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတွင် မေ ၁၅ ရက်နေ့အထိ သေဆုံးသူ ၃၆၆၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၂၅ ဦးနှင့် ပျောက်ဆုံးသူ ၁၂၉ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၄၈ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ မေ ၁၄ ရက် ည ၇ နာရီမှ ၁၅ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC) တို့က လေယာဉ်သုံးစီးဖြင့် ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၉၅ ဒသမ ၅၆၈ တန်ကျော် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘူတန်အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်

**နေပြည်တော် မေ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ဘူတန်အရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားတက်ရောက်သူများသည် မန္တလေးငလျင်ကြီးတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တပ်ရပ်၍ တစ်မိနစ်ငြိမ်သက်ကြသည်။ ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စားအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ငလျင်ဘေးတုံ့ပြန်ရေး ဆောင်ရွက်ရာတွင် ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ လမ်းညွှန်မှုဖြင့် ဘူတန်နိုင်ငံမှ အရေးပေါ်ဆေးအကူအညီအား ရက်ပိုင်းအတွင်းစေလွှတ်၍ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း ပေါင်းလောင်းယာယီဆေးရုံ၌ မေ ၁ ရက်မှ ၁၄ ရက်အထိ အရေးပေါ်လူနာပေါင်း ၃၀၀၀ ကျော်အား ဆေးကုသမှုနှင့် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည့်အတွက် ထိခိုက်ခံခဲ့ရသည့် မိသားစုများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ မေ ၅ ရက်တွင် ဗန်ကောက်မြို့၌ ကျင်းပသော ဆဋ္ဌမအကြိမ်မြောက် BIMSTEC ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘူတန်နိုင်ငံဝန်ကြီးချုပ်နှင့်တွေ့ဆုံခဲ့ပြီး ဘူတန်ဘုရင်မင်းမြတ်က မြန်မာနိုင်ငံတွင် ငလျင်အကြီးအကျယ်ဖြစ်ပွားမှုအတွက် ဝမ်းနည်းကြောင်း ဖော်ပြခဲ့ပြီး ဆေးဘက်ဆိုင်ရာ အကူအညီများ လျင်မြန်စွာ စေလွှတ်ပေးခဲ့သည့်အတွက် ဘူတန်ဘုရင်မင်းမြတ်၊ ဘူတန်နိုင်ငံအစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်ဘူတန်နိုင်ငံအစိုးရတို့အကြား ရေးယခင်ကပင် ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ၁၉၉၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ ဘူတန်နိုင်ငံမှ ဆေးပညာတော်သင်များ လာရောက်ပညာသင်ကြားခဲ့ကြကာ အထူးကုဆရာဝန်ဘွဲ့များ ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံမှ အထူးကုဆရာဝန်များသည်လည်း ဘူတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေမှုများရှိပြီး ယခုဆေးအဖွဲ့နှင့်အတူ ဆေးတက္ကသိုလ်(၁) တွင် ပညာသင်ကြားခဲ့သည့် ဘူတန်နိုင်ငံမှ အထူးကုဆရာဝန်များနှင့် ဘူတန်နိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံသား ဆရာဝန်များပါလာရောက်၍ ဆေးကုသမှုများပေးခဲ့သည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရသူများအတွက် ကျန်းမာရေးဆိုင်ရာ ပြန်လည်ထူထောင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား ဘူတန်နိုင်ငံအရေးပေါ်ဆေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းတင်လွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး ဘူတန်နိုင်ငံအရေးပေါ်ဆေးအဖွဲ့ခေါင်းဆောင် Mr. Tashi Wangyal က ဆေးအဖွဲ့ကိုယ်စား အမှတ်တရလက်ဆောင်ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘူတန်နိုင်ငံမှ ဆေးအဖွဲ့ခေါင်းဆောင် Mr. Tashi Wangyal က ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ဘူတန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားမှုများကို ကိုယ်ချင်းစာစိတ်ဖြင့်ခံစားရပါကြောင်း၊ မိမိတို့ ဘူတန်အရေးပေါ်ဆေးအဖွဲ့အနေဖြင့် မေ ၁ ရက်မှစတင်၍ နှစ်ပတ်ကြာ အရေးပေါ်ဆေးကုသမှုများ ဆောင်ရွက်ခဲ့ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်ပေးမှုများကြောင့် များစွာအဆင်ပြေခဲ့ပါကြောင်း၊ ဆေးကုသမှုများအပြင် သန့်ရှင်းသောရေရရှိရေးလုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာပြည်သူများအနေဖြင့် လျင်မြန်စွာပြန်လည်ထူထောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး မြန်မာ့ရိုးရာသပြေခက်နှင့် ရေစင်များ အပြန်အလှန်ပက်ဖျန်းခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်ခြင်းဖြင့် အခမ်းအနားကို ရုတ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် Singapore Emergency Medical Team အား တွေ့ဆုံနှုတ်ဆက်

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့သည် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည့် Singapore Emergency Medical Team အား မေ ၁၄ ရက် ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ Eternalခန်းမ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများကို စိတ်ဓာတ်ခွန်အားပေးခြင်းများ၊ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်းများကို လူသားချင်း စာနာထောက်ထားမှုအပြည့်ဖြင့် ဆောင်ရွက်ပေးခဲ့မှုများအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့် ကုန်မျိုးစုံများ သက်သာသောဈေးနှုန်းဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

**နေပြည်တော် မေ ၁၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၁၇ ရက်မြောက်နေ့အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။

**နေ့စဉ်ရောင်းချပေးမည်**

ထိုသို့ရောင်းချပေးရာတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) ၈၈၁၅ အိတ်၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) ၈၈၁၅ အိတ်၊ ဆီပိဿာ ၂၁၂၈၀၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၇၉၆ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၄၅၈၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးမည်ဖြစ်သည်။

**အခမဲ့ဖြန့်ဝေ**

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့်လှည့်လည်ရောင်းချပေးလျက်ရှိရာယနေ့အထိဆန်၂၄ပြည်ဆံ့(မနောသုခ) ၄၂၄ အိတ်၊ စားအုန်းဆီပိဿာ ၃၀၈၀၀၊ ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင်ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့(ရွှေဝါထွန်း) ၂၂၇ အိတ်၊ စားအုန်းဆီပိဿာ ၃၃၀၀ ၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီပိဿာ ၄၅၀၊ အသားတုံး ၁၅ ပိဿာတို့ကိုသက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တပ်ကုန်းမြို့နယ် လက်ပန်ကျေးရွာနှင့် မြောက်မြိုက်ကျေးရွာတို့မှ ငလျင်ဘေးသင့်ပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် ဧပြီ ၁၅**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းမြို့နယ် လက်ပန်ကျေးရွာသို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ငလျင်ဘေးသင့်ပြည်သူများနှင့် တွေ့ဆုံပြီး အားပေးစကားပြောကြားရာ၌ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ငလျင်ဘေးဒဏ်ခံနိုင်အောင် ပြန်လည်တည်ဆောက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း အချက်များနှင့်အညီ စိုက်ပျိုးသွားရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း၊ မွေးမြူရေးနှင့် အသားစားသုံးမှုကဏ္ဍကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရန်နှင့် ဒေသတစ်ခုထုတ်ကုန်တစ်ခုထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး ငလျင်ဘေးသင့်ပြည်သူများအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးကြောင့် ထိခိုက်ခဲ့သည့် မြောက်မြိုက်(အရှေ့)ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ငလျင်ဘေးသင့် ပြည်သူများအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကာ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများနှင့် ငလျင်ဘေးသင့်ပြည်သူများ နေထိုင်နိုင်ရေး ယာယီတဲဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ရန်ကုန်ဘဏ်ခွဲရှိ အရာထမ်းဝန်ထမ်းများ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် MyanmarPay (MMQR) လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၁၅**

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလအတွင်း ငွေကြေးစီးဆင်းမှုဆိုင်ရာ ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်ဘဏ်ခွဲရှိ ငွေရေးကြေးရေးဈေးကွက်၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဌာနကြီးရှိ အရာထမ်းများ၏ CBM-NET ကို အသုံးပြု၍ ဘဏ်များအကြား ငွေပေးချေမှုဆောင်ရွက်နေမှုများ၊ ၂၄/၇ ACH ဆိုင်ရာ ဆောင်ရွက်နေမှုများ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာနကြီးရှိ အရာထမ်းများ၏ နိုင်ငံခြားသုံးငွေဆိုင်ရာ ငွေကြေးစီးဆင်းမှုများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ အစီရင်ခံဆိုင်ရာ ကိစ္စရပ်များ၊ သတင်း အချက်အလက်နှင့် နည်းပညာဌာနရှိ အရာထမ်းများမှ IT System များ၏ စောင့်ကြည့်စစ်ဆေးနေမှုများနှင့် နက်ဝက်ဘ် ပြတ်တောက်မှု မရှိစေရေးတို့ကို စစ်ဆေးခြင်းများ၊ Downtown ဧရိယာရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ဆူးလေဘဏ်ခွဲ)ရှိ ငွေကြေးထားရှိမှု အခြေအနေများကို ဧပြီ ၁၅ ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ စစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညွှန်ကြားသည်။

**ဆွေးနွေးမှာကြားခဲ့**

ဆက်လက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ဆူးလေဘဏ်ခွဲ) ရှိ MyanmarPay (MMQR) ၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေး၍ လိုအပ်ချက်များဖြစ်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အစီအရင်ခံတင်ပြရမည့် အချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကချင်ပြည်နယ် ဝန်ကြီးချုပ် ထိန်ချုံးအပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်းနှင့် လုပ်ငန်းရှင်များမှ ငလျင်ဘေးသင့်ပြည်သူများအတွက် စားသောက်ကုန် လာရောက်လှူဒါန်းမှုကို လက်ခံရယူ

**မြစ်ကြီးနား ဧပြီ ၁၅**

မန္တလေးငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးအပြည်ပြည်ဆိုင်ရာ ကုန်သည်များအသင်းနှင့် လုပ်ငန်းရှင်များက ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံ တရုတ် ယွမ် ၄၅၁၄၇၁ ယွမ်တန်ဖိုးရှိ စားသောက်ကုန်များ မော်တော်ယာဉ်လေးစီးဖြင့် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းက လာရောက်လှူဒါန်းကြသည်။

ထိုသို့ ထိန်ချုံးအပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်းနှင့်လုပ်ငန်းရှင်များက ကံပိုင်တည်နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့လှူဒါန်းလာသည့် စားသောက်ကုန်ပစ္စည်းများကို ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမရှေ့၌ လာရောက်ပို့ဆောင်ခဲ့ကြရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ကုန်ပစ္စည်းများကူညီသယ်ယူပေးမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝင် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကုန်ပစ္စည်းကိုကြည့်ရှုစစ်ဆေးကြပြီး အဆိုပါ ကူညီသယ်ယူပေးကြသည့် ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်သည်။



ထို့နောက် လှူဒါန်းပွဲအခမ်းအနားကို ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ဆွေမျိုးပေါက်ဖော်အိမ်နီးချင်းပီသစွာ မိမိတို့နိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် တရုတ်ယွမ် ၄၅၀၀၀၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်များကို လာရောက်လှူဒါန်းသည့်အတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြောင်းနှင့် ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ထိန်ချုံးအပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်းနှင့် လုပ်ငန်းရှင်များက လာရောက်လှူဒါန်းသည့် တရုတ်ယွမ် ၄၅၁၄၇၁ ယွမ်တန်ဖိုးရှိ အာဟာရဆန်ပြုတ်ဘူး ၅၆၀၀၊ သောက်ရေသန့်ဘူး ၂၀၀၀၊ ခေါက်ဆွဲခြောက် ၃၄၇၁ ဘူးနှင့် ဝက်အူချောင်းဘူး ၁၁၀၀ တို့ ပေးအပ်လှူဒါန်းမှုကို လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ငလျင်ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံသို့ ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်မှုအဖွဲ့မှ တတိယအကြိမ်အဖြစ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို တစ်ဆက်တစ်စပ်တည်း ကျင်းပရာ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးမျိုးဆွေက ငလျင်ဘေးဒဏ်သင့်ဒေသများမှ ပြည်သူများအတွက် အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် အများပြည်သူထည့်ဝင်လှူဒါန်းခဲ့သော ငွေကျပ် ၄၈၈ ဒသမ ၂၇၃၉ သန်းကို ကချင်ပြည်နယ်ဝန်ကြီးချုပ်ထံသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံ လွှဲပြောင်းပေးပို့လှူဒါန်းနိုင်ရေး ပေးအပ်သည်။

**ထပ်မံလှူဒါန်းပေး**

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးသင့်ဒေသများရှိပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီထံသို့ ပထမအကြိမ်တွင် ငွေကျပ်သန်း ၅၀၊ ဒုတိယအကြိမ်အဖြစ် ငွေကျပ် ၁၁၀၁ ဒသမ ၈၇၈၅ သန်းနှင့် ယနေ့တတိယအကြိမ်အဖြစ် ငွေကျပ် ၄၈၈ ဒသမ ၂၇၃၉ သန်း ပေးပို့လှူဒါန်းရာ စုစုပေါင်းငွေကျပ် ၁၆၄၀ ဒသမ ၁၅၂၄ သန်း လှူဒါန်းပြီးဖြစ်ကြောင်းနှင့် ယနေ့လှူဒါန်းသည့် စားသောက်ကုန်များ အပါအဝင် ငွေသားများ ထပ်မံလှူဒါန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်သူများ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့၌ ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည့်အပြင် မဟာသင်္ကြန်ရေအေးပက်ဖျန်းကာ စုပေါင်းဆင်နွှဲလျက်ရှိ





**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများသည် မဟာသင်္ကြန်ပွဲတော်အကြတ်နေ့၌ ကုသိုလ်၊ ဒါနကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည့်အပြင် မဟာသင်္ကြန်ရေအေးပက်ဖျန်းကာ စုပေါင်းဆင်နွှဲလျက်ရှိကြသည်။

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကြတ်နေ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုဘောမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဒေသနာတော်များရရှိစေရန် မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်လျက်ရှိသည့် တရားရိပ်သာတရားစခန်းများ၌ တရားထိုင်ခြင်း၊ စတုဒိသာများ ကျွေးမွေး လှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။

ထို့အတူ သင်္ကြန်ကာလအတွင်း ဖွင့်လှစ်ထားရှိသည့် တရားစခန်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် နဝရတ်ပတ်လမ်းရှိ မူလမင်ကွန်းဓမ္မရိပ်သာကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသုမနက တရားချစ်ခင်သူတော်စင် သူမြတ်အပေါင်းတို့အား တရားဒေသနာတော်များ ဟောကြားတော်မူရာ နာယူကြည်ညိုကြသည်။

မဟာသင်္ကြန်အကြတ်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ



အဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် လှော်ကားရေလှောင်ကန်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်းကောင်ရေ ၅၀၀၀ ကို လှော်ကား ရေလှောင်ကန်အတွင်းသို့ ကုသိုလ်ဒါနပြု လွှတ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများသည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ အလှူရှင်များက ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းနေမှုနှင့် လမ်းလျှောက်မဟာသင်္ကြန်တွင် ပြည်သူများ အေးချမ်းသာယာစွာ စုပေါင်းရေကစားနေမှုကို ကြည့်ရှုအားပေးကြပြီး ပွဲတော်လာပြည်သူများအား သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝန်ထမ်းမိသားစုများ စုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စတုဒိသာကျွေးမွေးနေမှုကို ကြည့်ရှုအားပေးကာ ဝန်ထမ်းမိသားစုများအား သပြေခက်ဖြင့် ရေပက်ဖျန်းပေးကြသည်။

မဟာသင်္ကြန် အကြတ်နေ့၌ ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင် လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ သင်္ကြန်ရေကစားနိုင်ရန် တာဝန်ရှိသူများက ရင်ပြင်ပတ်လည်၌ စတုဒိသာမဏ္ဍပ်များ ထားရှိပေးပြီး အလယ်တွင် လောင်းလှေငယ်များ ထားရှိကာ ပြည်သူများ တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ စုပေါင်းရေကစားကြပြီး မြန်မာ့သနပ်ခါး လိမ်းခြယ်ပေးကြသည်။

ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး ရန်ကုန်လမ်းလျှောက် မဟာသင်္ကြန်တွင်လည်း ရန်ကုန်မြို့တော်သူ မြို့တော်သားများက အေးသင်္ကြန်ကို စုပေါင်းကာ အေးချမ်းသာယာစွာ ကစားကြပြီး သင်္ကြန်မယ်လေးများက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ သနပ်ခါး လိမ်းခြယ် သရုပ်ဖော်ကြသည်။

ထို့ပြင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ယာဉ်ရပ်နေရာ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေး(ဗဟို) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာသင်္ကြန်အတက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအား ရွှေရင်အေးများဖြင့် စတုဒိသာကျွေးမွေးကြသည်။

အလားတူ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မိသားစုများ စုပေါင်းကာ ထမင်း၊ ကြက်သားဟင်း၊ ပဲဟင်းတို့ဖြင့် ကျွေးမွေးလှူဒါန်းကြသည့်အပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိခရိုင်၊ မြို့နယ်၊ ရပ်ကွက်များ၌လည်း ပြည်သူများက အေးချမ်းသာယာစွာ စုပေါင်းရေကစားကြပြီး အလှူရှင်များ ကျွေးမွေးသည့် စတုဒိသာများကို သုံးဆောင်လျက်ရှိကြောင်း သိရသည်။

**နေကိုဇော် (သတင်းစဉ်)**
**ဓာတ်ပုံ-ဇော်မင်းလတ်**







# နေပြည်တော်ကောင်စီနယ်မြေ၌ မြန်မာ့ရိုးရာသင်္ကြန်(အကြတ်)နေ့တွင် စိတ်အေးချမ်းသာစွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ အေးသင်္ကြန် ဆက်လက်ကျင်းပ



**နေပြည်တော် ဧပြီ ၁၅**

နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းမည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို နေပြည်တော် ကောင်စီနယ်မြေတွင် အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်)အဖြစ် ယနေ့ကျရောက်သည့် သင်္ကြန်(အကြတ်)နေ့တွင်လည်း ဆက်လက်ကျင်းပလျက်ရှိရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲကြသည်။

**ချစ်စရာကောင်းသည့် မြန်မာ့စိတ်ထားကိုပေါ်လွင်စေ**

ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်မြို့တော်ဝန်မဏ္ဍပ်တွင်လည်း အေးသင်္ကြန်ကို လာရောက်ဆင်နွှဲကြသည့် ပြည်သူများ မကောင်းသည့် အညစ်အကြေးများ သန့်စင်စေရန်အတွက် သပြေခက်ဖြင့်သော်လည်းကောင်း၊ ရေဖလားများဖြင့်သော်လည်းကောင်း တစ်ဦးနှင့်တစ်ဦး သိမ်မွေ့ယဉ်ကျေးစွာ ပက်ဖျန်းပေးကြပြီး စတုဒိသာမဏ္ဍပ်များ၌ အသင့်တည်ခင်းထားသည့် မြန်မာ့ရိုးရာ မုန့်မျိုးစုံကို ပြည်သူများ စားသုံးနိုင်ရန် ဝေငှလှူဒါန်းပေးကြသည့် မြင်ကွင်းက ချစ်စရာကောင်းသည့် မြန်မာ့စိတ်ထားကို ပေါ်လွင်စေသည်။

အလားတူနေပြည်တော်လမ်းလျှောက်သင်္ကြန်သို့ လာရောက်ဆင်နွှဲကြသည့် ပြည်သူများကိုလည်း အေးမြမြနံ့သာရည်ကို ငွေဖလားအတွင်း၌ ထည့်၍ သပြေခက်များဖြင့် ကြိုဆိုပက်ဖျန်းပေးပြီး နှစ်ဟောင်းတွင် ကိန်းအောင်းနေသည့် ဘေးဥပဒ်အန္တရာယ်များ၊ အဆိုးအညံ့များ ပပျောက်ကင်းစင်ကာ သန့်ရှင်းခြင်း သို့ရောက်ရှိစေရန် အဓိပ္ပာယ်ဖော်ဆောင်သည့်အနေဖြင့် ရေဖလားများဖြင့် ညီရင်းအစ်ကို မောင်ရင်းနှမသဖွယ် ယဉ်ကျေးသိမ်မွေ့စွာ ရေပက်ကစားကြသည်။

အဆိုပါ အေးသင်္ကြန်မဏ္ဍပ်၌ပင် ကုသိုလ်ကောင်းမှု အလှူအတန်းများ အနေဖြင့် သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း ညှပ်ပေးခြင်းနှင့် နေ့စဉ်နံနက်နှင့် ညနေပိုင်းများတွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်း မြင်ကွင်းက မြန်မာတို့၏ ကုသိုလ်ကောင်းမှု သဒ္ဓါတရားထက်သန်မှုကို ဖော်ကျူးလျက်ရှိသည်။

အဆိုပါ အေးသင်္ကြန်မဏ္ဍပ်များတွင် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းခြယ်ခြင်း ကဏ္ဍကို ထည့်သွင်းထားရာ ပြည်သူများ အထူးစိတ်ဝင်စားစွာဖြင့် မြန်မာ့သနပ်ခါးကို မြတ်နိုးစွာ လိမ်းခြယ်ကြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း ကျင်းပသည့် အေးသင်္ကြန်မဏ္ဍပ်များသို့ ပါဝင်ဆင်နွှဲကြသည့် အများပြည်သူများ အနေဖြင့်လည်း ဟီရိသြတ္တပ္ပကင်းသော အဝတ်အစားများ ဝတ်ဆင်ကြခြင်း၊ မူးယစ်သောက်စားရန်ဖြစ်ကြခြင်းစသည့် အပြုအမူများကို ရှောင်ကြဉ်ကြကာ မြန်မာဆန်သည့် အဝတ်အစားများဖြင့် မြန်မာမှု၊ မြန်မာ့ဟန်များကို ထုတ်ဖော်ပြသလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်များ၊ တန်ခိုးကြီးဘုရားစေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများက တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ကုသိုလ်ဒါနပြု ဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားရိပ်သာများ၌ တရားစခန်းဝင်ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများကို စိတ်အေးချမ်းစွာ ဆောင်ရွက်ကြသည်။

အလားတူ မြို့နယ်၊ ရပ်ကွက်အလိုက် စတုဒိသာများ ကျွေးမွေးခြင်း၊ သင်္ကြန်မဏ္ဍပ်ငယ်များ ဆောက်လုပ်ကာ တစ်ဦးနှင့်တစ်ဦး အေးချမ်းစွာ ရေပက်ကစားခြင်းတို့ဖြင့် အေးချမ်းသာယာသောသင်္ကြန်(အေးသင်္ကြန်)အကြတ်နေ့ကို ဖြတ်သန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**









# မုံရွာမြို့ရှိပြည်သူများ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိ

**မုံရွာ မေ ၁၅**

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကြတ်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီး၊ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးအပါအဝင် ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ကုသိုလ်ဒါနပြုဘောဇဉ်ကျွေးမွေးခြင်း၊ အဋ္ဌရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မဟာသင်္ကြန်ကာလအတွင်း ဖွင့်လှစ်လျက်ရှိသည့် တရားရိပ်သာတရားစခန်းများ၌ တရားထိုင်ခြင်း၊ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြသည်။



မဟာသင်္ကြန်အကြတ်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဇီဝိတဒါနငါးလွှတ်ပွဲများကို ကန်သာယာကန်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ငါးမြစ်ချင်းများကို ကန်သာယာကန်အတွင်းသို့ ကုသိုလ်ဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။

ထို့ပြင် ကန်သာယာကန်တစ်လျှောက်ရှိ ဗဟိုမဏ္ဍပ်နှင့် ဝန်ကြီးဌာနမဏ္ဍပ်လေးခုတို့တွင် ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းနှင့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းသည့် ဓလေ့အား သရုပ်ဖော်မှုတွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများအား စစ်ကိုင်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အေးသင်္ကြန်ပွဲတော်အား ပါဝင်ဆင်နွှဲခဲ့ကြသည့် ပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းကို ကြည့်ရှုအားပေးပြီး ပြည်သူများအား သပြေခက်ဖြင့် ရေပက်ဖျန်းပေးခဲ့ကြသည်။

ထို့အတူ မုံရွာမြို့ပေါ်ရပ်ကွက်များရှိပြည်သူများအား ခုနစ်ရက်သားသမီးအလှူရှင်များကလည်း စတုဒိသာကျွေးမွေးခြင်းများ၊ ရေလောင်းရေပက်ခံကြသည့်ပြည်သူများဖြင့် များပြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့ လမ်းလျှောက်မဟာသင်္ကြန်တွင် အေးချမ်းစွာပါဝင်ဆင်နွှဲ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများမဟာသင်္ကြန်ပွဲတော်အကြတ်နေ့ လမ်းလျှောက်မဟာသင်္ကြန်ကို ယနေ့နံနက်ပိုင်းမှစတင်၍ အေးချမ်းစွာ ပါဝင်ဆင်နွှဲကြသည်။

**လိမ်းခြယ်ပေး**

ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများ သင်္ကြန်ရေကစားနိုင်ရန် တာဝန်ရှိသူများက ရင်ပြင်ပတ်လည်၌ စတုဒိသာမဏ္ဍပ်များ ထားရှိပေးပြီး ၎င်းအလယ်တွင် လောင်းလှေငယ်များ ထားရှိထားကာ ပြည်သူများ တစ်ဦးနှင်တစ်ဦး ချစ်ခင်စွာ စုပေါင်းရေကစားကြပြီး မြန်မာ့သနပ်ခါး လိမ်းခြယ်ပေးကြသည်။

ရန်ကုန်မြို့တော် ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံဘေး ရန်ကုန်လမ်းလျှောက် မဟာသင်္ကြန်တွင်လည်း ရန်ကုန်မြို့တော်သူမြို့တော်သားများ သင်္ကြန်ရေအေးကို စုပေါင်းကာ အေးချမ်းသာယာစွာ ကစားကြကာ သင်္ကြန်ပျိုလေးများက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာ သနပ်ခါးလိမ်းခြယ်ကာ သရုပ်ဖော်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# မကွေးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပ

**မကွေး မေ ၁၅**

မကွေးမြို့လမ်းလျှောက်သင်္ကြန်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ရေအေးသင်္ကြန်နှင့် စတုဒိသာ ကျွေးမွေးခြင်းများဖြင့် ယနေ့သင်္ကြန် (အကြတ်)နေ့တွင် မကွေးမြို့ ကမ်းနားလမ်း၌ ကျင်းပလျက်ရှိရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်အားပေးသည်။

ထို့နောက် အေးသင်္ကြန်တွင် ပါဝင်ဆင်နွှဲကြသည့် ပြည်သူများအတွက် စတုဒိသာအဖြစ် မြန်မာ့ရိုးရာမုန့်များ ကျွေးမွေးနေမှု၊ အေးသင်္ကြန်မဏ္ဍပ်များအတွင်း တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးသိမ်မွေ့စွာ သပြေခက်ဖြင့် ရေပက်ကစားခြင်းနှင့် နှစ်ဟောင်းမှ အဆိုးအညစ်တို့ပျောက်စေပြီး အကောင်းအသန့်တို့ ရောက်စေရန်ရည်ရွယ်၍ ရေဖလားများဖြင့် ရေပက်ကစားခြင်းတို့ကို ကြည့်ရှုအားပေးသည်။

နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းမည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို ယခုနှစ်တွင် အပျော်အပါး သီဆိုကခုန်မှုများ မပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန် (အေးသင်္ကြန်) အဖြစ် ကျင်းပဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းများ ကျင်းပ



**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မဟာသင်္ကြန်အကြတ်နေ့ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှေ့ စတုဒိသာသင်္ကြန်မဏ္ဍပ်၌ ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ရိုးရာမပျက် ရေပက်ကစားကြပြီး သင်္ကြန်ချစ်သူပြည်သူများအား စတုဒိသာများ ကျွေးမွေးခြင်းနှင့် မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌လည်း မြန်မာ့ရိုးရာ မဟာသင်္ကြန်ကို အေးချမ်းစွာ ရေကစားခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းများဖြင့် အေးချမ်းစွာဆင်နွှဲကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှည်းကူးခရိုင်အတွင်း မြန်မာ့ရိုးရာအစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာ ကျွေးမွေးခြင်းများ ပြုလုပ်

**ရန်ကုန် မေ ၁၅**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း မဟာသင်္ကြန်အကြတ်နေ့ မြန်မာ့ရိုးရာအစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာအာဟာရ ကျွေးမွေးခြင်းများကိုယနေ့နံနက်ပိုင်းက ခရိုင်စတုဒိသာမဏ္ဍပ်၌ ကျင်းပသည်။



ဦးစွာ လှည်းကူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက သပြေခတ်များ၊ အမွှေးနံ့သာများဖြင့် ပြည်သူများအား ပက်ဖျန်း၍ ဆုမွန်ကောင်းတောင်းခဲ့သည်။

**ဆက်လက်ကျင်းပ**

ထို့နောက် လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လှည်းကူးခရိုင်အတွင်းရှိ ဌာနဆိုင်ရာများက စတုဒိသာအာဟာရ ကျွေးမွေးခြင်းနှင့် ရေကစားခြင်းတို့ကို မဟာသင်္ကြန်ကာလအတွင်း နေ့စဉ်နေ့တိုင်း ကျွေးမွေးဧည့်ခံခြင်းတို့အား ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတို့၌ ကျင်းပ

နေပြည်တော် မေ ၁၅

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်မှ ၁၃၈၇ ခုနှစ်သို့ ကူးပြောင်းမည့် နှစ်သစ်အခါသမယတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ယဉ်ကျေးသိမ်မွေ့ပြီး အေးချမ်းသာယာသည့် နှစ်သစ်ကူးအတာသင်္ကြန်အဖြစ် ကျင်းပ၍ နှစ်သစ်အတာကူးကြသည်။

ယနေ့တွင်ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မြန်မာ့ရိုးရာအတာသင်္ကြန် အကြတ်နေ့ကို မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ကျင်းပပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒေသခံပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ အတာသင်္ကြန်မဏ္ဍပ်များ၌ မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ သပြေခက်များဖြင့် အတာသင်္ကြန်ရေကို ပက်ဖျန်းပေးပြီး မြန်မာ့ရိုးရာအတာသင်္ကြန်ကို ပါဝင်ဆင်နွှဲကြသည်။

ထိုသို့ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန် ကျင်းပချိန်တွင် ပါဝင်ဆင်နွှဲကြသူများအား မြန်မာ့ရိုးရာအတာသင်္ကြန် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သနပ်ခါးသင်္ကြန်ဆင်နွှဲခြင်း၊ မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ သက်ကြီးဘိုးဘွားများအား ကုသိုလ်ပြုပူဇော်ကန်တော့ကြခြင်း၊ အန္တရာယ်ကင်းပရိတ်တရားရွတ်ဖတ်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်း၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း စသည့်တို့ကို ပြုလုပ်၍ နှစ်ဦးကုသိုလ်ယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်













# ဧရာဝတီတိုင်းဒေသကြီး၌ မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲတော် အကြတ်နေ့အား ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက်ကျင်းပ



ပုသိမ် ဧပြီ ၁၅

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ကို ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာရင်ပြင်တွင် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ကျင်းပရာ ယနေ့နံနက်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အမွှေးနံ့သာ အတာရေများ ပက်ဖျန်းခဲ့ကြကာ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့်အတူ အေးချမ်းစွာ ရေကစားခဲ့ကြပြီး စတုဒိသာမဏ္ဍပ်တွင် ပေါင်မုန့်အုန်းနို့ဆမ်း၊ သာကူပြင် စတုဒိသာကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အေးချမ်းစွာ ကျင်းပလျက်ရှိပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များ၊ ဝတ်ရွတ်အဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများ၊ မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ရေကစားခြင်း၊ ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် အတည်ပြုသတ်မှတ်ခြင်းကို ရရှိနိုင်ရေးအတွက် သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဖော်ညွှန်းသောအားဖြင့် သနပ်ခါးလိမ်းသရုပ်ဖော်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ သင်္ကြန်အကြတ်နေ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကျင်းပ



တောင်ကြီး ဧပြီ ၁၅

မြန်မာ့ရိုးရာမဟာ အတာသင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံတော်က အေးချမ်းသာယာသင်္ကြန်(အေးသင်္ကြန်)နှင့် လမ်းလျှောက် သင်္ကြန်ကိုလည်း (လမ်းလျှောက်အေးသင်္ကြန်)အဖြစ် ကျင်းပလျက်ရှိရာ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ကို တောင်ကြီးမြို့ ရုံးကြီးလမ်း၌ အေးသင်္ကြန်၊ လမ်းလျှောက် အေးသင်္ကြန်နှင့်စတုဒိသာကျွေးမွေးခြင်းများ ကျင်းပသည်။

သင်္ကြန် အကြတ်နေ့တွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက အတာသင်္ကြန်ရေကို မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ သပြေခက်များဖြင့်ပက်ဖျန်းကြပြီး စတုဒိသာမဏ္ဍပ်များအားလှည့်လည် ကြည့်ရှုခဲ့ကြသည်။

ထို့နောက် လူသားမျိုးနွယ် ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုအဖြစ် သနပ်ခါးလိမ်းသည့် ဓလေ့ဖြင့် သရုပ်ဖော်ခြင်းကို ကြည့်ရှုအားပေး၍ မြန်မာ့ရိုးရာသင်္ကြန် (အေးသင်္ကြန်)တွင် ပါဝင်ရေကစားသူများအား အတာရေသပြေခက်များဖြင့် ပက်ဖျန်းပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဒေးဒရဲမြို့နယ်၌ အေးချမ်းစွာ ရေပက်ကစားသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကား

ဒေးဒရဲ ဧပြီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့များနှင့်အညီ ရေကစားသူများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။

ဒေးဒရဲမြို့နယ်၌ သင်္ကြန်ပွဲတော်အား မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ အေးချမ်းစွာ အမွှေးနံ့သာရည်များပက်ဖျန်းခြင်း၊ ပြည်သူများအား စတုဒိသာအာဟာရများ ကျွေးမွေးလှူဒါန်းခြင်း၊ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့အဖြစ် ပြည်သူများအား မြန်မာ့သနပ်ခါးလိမ်းခြယ်ခြင်းစသည့် ရိုးရာယဉ်ကျေးမှုများနှင့်အညီ အေးချမ်းသောသင်္ကြန်အဖြစ် ကျင်းပလျက်ရှိကြောင်း သိရသည်။ **အေဇာလင်း**





# ကျောင်းကုန်းမြို့၌ သင်္ကြန်အကြတ်နေ့ စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးလှူဒါန်း

ကျောင်းကုန်း ဧပြီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ယနေ့သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက စတုဒိသာမဏ္ဍပ်များဖြင့် ကျွေးမွေးလှူဒါန်းလျက်ရာ ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ စတုဒိသာမဏ္ဍပ်(၁)၌ ခေါက်ဆွဲကြော်၊ စတုဒိသာမဏ္ဍပ်(၂)၌ မုန့်လုံးရေပေါ်၊ စတုဒိသာမဏ္ဍပ်(၃)၌ ရွှေရင်အေး၊ စတုဒိသာမဏ္ဍပ်(၄)၌ နို့သစ်ခွတို့ဖြင့် ကျွေးမွေးလှူဒါန်းလျက်ရှိပြီး မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်၌ သနပ်ခါးလိမ်းခြယ်ကြသူများဖြင့် စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပုဇွန်တောင်မြို့နယ်၌ မဟာသင်္ကြန်အကြတ်နေ့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပြည်သူများအေးချမ်းစွာ ပါဝင်ဆင်နွှဲ

ပုဇွန်တောင် ဧပြီ ၁၅

ရန်ကုန်တိုင်း ဒေသကြီး ပုဇွန်တောင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် သနပ်ခါး လိမ်းခြယ်ပေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် ပုဇွန်တောင်ပန်းခြံရှေ့ ပုဇွန်တောင်မြို့နယ် စတုဒိသာမဏ္ဍပ်၌ ဆောင်ရွက်ခဲ့ကြသည်။




ထိုသို့ဆောင်ရွက်ရာတွင် ပုဇွန်တောင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မဟာသင်္ကြန် စတုဒိသာမဏ္ဍပ်၌ နံနက် ၉ နာရီတွင် မုန့်လက်ဆောင်း၊ ပဲနှပ်၊ ငါးခြောက်ကြော်၊ ပုဇွန်ခြောက်ကြော်၊ ငရုတ်သီးကြော်များဖြင့် သင်္ကြန်ထမင်း စတုဒိသာကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာသနပ်ခါး လိမ်းခြယ်ပေးခြင်းနှင့် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အား ရိုးရာယဉ်ကျေးမှုနှင့်အညီ ရေကစားခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မြို့နယ်အတွင်းရှိပြည်သူများက အေးချမ်းစွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

အလားတူ ရပ်ကွက်များတွင်လည်း မြန်မာ့ရိုးရာမဟာသင်္ကြန်ကို အေးချမ်းစွာရေကစားခြင်း၊ စေတနာရှင် အလှူရှင်များစုပေါင်း၍ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးနှင့် ဘုန်းတော်ကြီးကျောင်းများတွင် တရားဒေသနာတော် နာယူကြသူများ၊ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများဖြင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲကို ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**ဟန်စုယဉ်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဧပြီ ၁၅

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကြပါစေ

မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် ၂၀၂၅ ခုနှစ် ဧပြီလ ၁၇ ရက် ကြာသပတေးနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ ကူးပြောင်းသွားပြီဖြစ်သည်။ အချိန်ကုန်ဆုံးမှုသည် မြန်ဆန်လွန်းလှသည်။ နှစ်ဟောင်းတွင် အောင်မြင်မှုများကို ထုဆစ်ပုံဖော်နိုင်ကြသူများရှိသလို ကျရှုံးမှုများနှင့် မလွဲသာမရှောင်သာ ကြုံတွေ့ခဲ့ရသူများလည်းရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။

**"မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ အထူးသဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များ ရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်"**

## အညစ်အကြေးများကိုဆေးကြော

မြန်မာတို့သည် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ပပျောက်ကင်းစင်ဆေးကြောရန် မဟာသင်္ကြန်ကာလတွင် တစ်ဦးနှင့်တစ်ဦး ရေပက်ဖျန်းကြသည်ဟုဆိုသည်။ ရေပက်ဖျန်းရုံမျှဖြင့် ပြင်ပအညစ်အကြေးလောက်ကိုသာ ဆေးကြောနိုင်မည်ဖြစ်သည်။ မိမိ၏စိတ်၌ဖြစ်သော လောဘ၊ ဒေါသ၊ မောဟကို မည်သည့်ရေပိုက်နှင့်မျှ ဆေးကြော၍ရမည်မဟုတ်ချေ။ ကိုယ်တိုင်သတိထားဆင်ခြင်ကာ ပြုပြင်မှသာလျှင် တဖြည်းဖြည်းလျှော့ချနိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အမှောင်ဖုံး၍လွဲမှားစွာပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်ပေသည်။ သို့သော် နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောကြရပေမည်။ တတ်နိုင်ပါက ကိလေသာ မှန်သမျှကို မဂ္ဂင်ရှစ်ပါးဖြင့် ဆေးကြောသန့်စင်သင့်ပါသည်။ ထိုအခါ ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။

မဟာသင်္ကြန်ကာလတွင် ဒါန၊ သီလ၊ ဘာဝနာစသည့် မင်္ဂလာရှိသော ကောင်းမှုကုသိုလ်အဝဝဖြင့် အကျိုးရှိစွာ ဖြတ်သန်းခဲ့သူများသည် မျက်နှာများကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ပြည့်နှက်လျက်ရှိကြသည်။ ထိုသူများသည်လုပ်ငန်းခွင်များသို့ ပြည့်ဝနေသော စိတ်ဓာတ်ခွန်အားတို့ဖြင့် ချီတက်လာလေ့ရှိကြသည်။ လုပ်ငန်းခွင်များသို့ ရောက်ချိန်တွင်လည်း သင်္ကြန်ကာလအတွင်းက ရရှိခဲ့သော ကောင်းမှုကုသိုလ်များကို အချင်းချင်းမျှဝေပြီး သာဓုအကြိမ်ကြိမ်ခေါ်ကြရသဖြင့် ပီတိကုသိုလ်များ ထပ်မံရရှိကြပြန်သည်။

## နှစ်သစ်သန္နိဋ္ဌာန်များချမှတ်

နှစ်ဟောင်းတွင် လုပ်ဆောင်ခဲ့သည့် အောင်မြင်မှုနှင့် ကျရှုံးမှုများ၊ အမှားနှင့်အမှန်တို့ကို ဆင်ခြင်သုံးသပ်ပြီးနောက် နှစ်သစ်အတွက် သင်ခန်းစာဖော်ထုတ်သွားရန် လိုအပ်ပါသည်။ ထို့ပြင် လိုအပ်ချက်မှန်သမျှကို ကြိုတင်ပြင်ဆင်သွားရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် မြန်မာနှစ်သစ်တွင် စိတ်သစ်၊ ခွန်အားသစ်များဖြင့် ကြိုးပမ်းကြရပေမည်။ သို့မှသာလျှင် မြန်မာနှစ်သစ်တွင် တိုးတက်အောင်မြင်မှုများရရှိပြီး မင်္ဂလာရှိသောအရာများကို လက်ဝယ်ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

မြန်မာနှစ်သစ်တွင် ဆောင်ရွက်သင့်သည့် အချက်များကို သန္နိဋ္ဌာန်ချမှတ်ကာ ဆောင်ရွက်သင့်သည်။ ထိုသို့ဆောင်ရွက်မည်ဟု ရည်မှန်းထားသည့် စိတ်ကူးအိပ်မက်များကို နှစ်သစ်သန္နိဋ္ဌာန် (New Year’s Resolutions) ဟု ခေါ်ဆိုနိုင်ပါသည်။ နိုင်ငံကြီးသားများသည် နှစ်စဉ် ခရစ်နှစ်ကုန်ဆုံးတိုင်း နှစ်သစ်သန္နိဋ္ဌာန်(New Year’s Resolutions) ချမှတ်လေ့ရှိသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံသားများအနေဖြင့်လည်း နှစ်သစ်အတွက် ကျန်းမာရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် နယ်ပယ်များတွင် အောင်မြင်စွာကြိုးပမ်းသွားမည် ဆိုသော ခိုင်မာသည့်ရည်မှန်းချက်များ ချမှတ်ထားပြီး ဆောင်ရွက်သင့်ပါသည်။

## ဗြဟ္မစိုရ်တရားလက်ကိုင်ထား

နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်ကြရန် လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် မိမိတို့၏ စိတ်ဓာတ်များကို ပြင်ဆင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ် စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် သမ္မာအာဇီဝ ကျကျဆောင်ရွက်ကြရပါမည်။ အရာရာတွင် ကိုယ်ချင်းစာတရား လက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် မိမိတို့၏ ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဗြဟ္မစိုရ်တရားကို လက်ကိုင်ထားလျက်ပြုမူကျင့်ကြံနေထိုင်သွားရန် အထူးလိုအပ်ပေသည်။

စင်စစ်အားဖြင့် လူသားတို့သည် နေ့စဉ် စားဝတ်နေရေးအတွက် လှုပ်ရှားရုန်းကန်နေရမည်မှာ သဘာဝပင်ဖြစ်သည်။ လူတစ်ဦးသည် မည်သည့်အလုပ်ဖြင့် အသက်မွေးနေရသည်ဖြစ်စေ တွေးတောကြံစည်၊ ပြောဆို၊ ပြုမူမှုမှန်သမျှကို သတိကပ်၍သာ လုပ်ဆောင်နိုင်မည်ဆိုလျှင် အကုသိုလ်နည်းပါးနေမည်ဖြစ်သည်။ ထိုသို့ သတိတရား လက်ကိုင်ထားသူတစ်ဦးသည် နေ့စဉ် အလုပ်ထဲမှာပင် ကုသိုလ်ကောင်းမှုများ ရရှိနိုင်စေသည်။ အချိန်ပြည့် သတိမကပ်နိုင်သည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ယုံကြည်သည့်သဒ္ဓါတရားသာ ရင်ထဲကိန်းအောင်းနေမည်ဆိုလျှင် ကုသိုလ်စိတ်များဖြစ်နေမည်ဖြစ်သည်။

အထူးသဖြင့် မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအကြား မေတ္တာထားသွားကြရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်းဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ် မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံမည်ဆိုလျှင် အေးချမ်းသော လူ့အသိုက်အဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ် အေးချမ်းသာယာနေမည်ဖြစ်သည်။

## သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကြပါစေ

မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။အထူးသဖြင့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက် ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံး ကြိုတင်ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များ ရှိနေရန် လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ် ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျ ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် လူသားတို့သည် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနှင့် သဘာဝဘေးအန္တရာယ်များကို ခပ်စိပ်စိပ်ကြုံတွေ့လာကြရသည်။ ထို့ကြောင့် လူသားတို့သည် မြေငလျင်လှုပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ဆူနာမီ၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မီးလောင်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရေးနှင့် ကြံ့ကြံ့ခံနိုင်ရေး အစီအမံများကို ကြိုတင်တွေးမြော် လုပ်ဆောင်ထားရန် လိုအပ်နေပြီဖြစ်သည်။

ထို့ပြင် နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများ တိုးတက်စေရန်အတွက် အချိန်ကို အကျိုးရှိစွာ အသုံးချသွားရန်လိုပါသည်။ အချိန်တိုင်းစဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသူတစ်ဦးသည် မအောင်မြင်စရာအကြောင်းမရှိချေ။ ထိုသို့ အချိန်ကို တန်ဖိုးထားသောပြည်သူများ မှီတင်းနေထိုင်သော ပြည်ထောင်စုကြီးသည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်နိုင်မည်မှာ အသေအချာပင်ဖြစ်သည်။ ။



# မုဒုံမြို့ဘုရားစေတီပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုသူ များပြား

မုဒုံ ဧပြီ ၁၅

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ မဟာသင်္ကြန် (အကြတ်နေ့)တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် များပြားလျက်ရှိသည်။

မဟာသင်္ကြန် (အကြတ်နေ့) နံနက်ပိုင်းမှစတင်၍ မုဒုံမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သည့် အတောင် ၄၀၀ ပြည့် လျောင်းတော်မူ ဘုရားကြီး၊ ဆံတော်ရှင် ကန်ကြီးစေတီတော် မြတ်ကြီးစသည့် စေတီပုထိုးများတွင် ဒေသခံပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာများနှင့် ရွှေကြာသင်္ကန်းတို့ကို ကပ်လှူပူဇော်ကြပြီး တရားစခန်းများတွင် ဥပုသ်သီလဆောက်တည်ကြသည့်အပြင် တရားဘာဝနာများ ပွားများကြသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာများတွင် စတုဒိသာများ ကျွေးမွေးဧည့်ခံလျက်ရှိသလို ရေကစားမဏ္ဍပ်များတွင်လည်း ပြည်သူများက အတာသင်္ကြန် ရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ရာမည

# ပေါင်မြို့နယ်၌ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် တရားစခန်းများ ဖွင့်လှစ်

ပေါင် ဧပြီ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် အေးမြသာကြည် မဟာစည်ကျောင်းနှင့် ရိပ်သာများ၌ သတိပဋ္ဌာန်နှင့် ဝိပဿနာတရားရှုမှတ်နိုင်ရန် တရားစခန်းများ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

## သင်ကြားဟောပြော

အဆိုပါ ဖွင့်လှစ်ကြသည့်တရားစခန်းများသည် ၇ ရက် တရားစခန်းများဖြစ်ပြီး တရားစခန်းဝင်သည့် ယောဂီများအား သက်ဆိုင်ရာ ဆရာတော်ကြီးများက သစ္စာတရားတော်နှင့် ပတ်သက်သည့် တရားတော်များ၊ သတိပဋ္ဌာန် အလုပ်ပေးတရားများနှင့် ဝိပဿနာတရားရှုမှတ်နည်းများကို သင်ကြားဟောပြောတော်မူပြီး တစ်နာရီကြာ ဝိပဿနာဘာဝနာပွားများနည်းကို ရှုမှတ်စေခဲ့သည်။

အဆိုပါ တရားစခန်းများရှိ ဆရာတော်ကြီးများနှင့် ယောဂီများ သုံးဆောင်နိုင်ရန် ဆွမ်းနှင့် အာဟာရဒါနများကို စေတနာရှင် အလှူရှင်များက နေ့စဉ် လာရောက် လှူဒါန်းလျက်ရှိကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# ကရင်ပြည်နယ်ဝန်ကြီးချုပ် မဟာသင်္ကြန်အကြတ်နေ့ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ကျင်းပနေမှုများကို တက်ရောက်အားပေး



ဘားအံ ဧပြီ ၁၅

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ ဆင်ယင်ကျင်းပလျက်ရှိရာ ယနေ့ မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် အများပြည်သူယဉ်ကျေးသိမ်မွေ့စွာ ရေကစားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့ အမှတ်(၃)ရပ်ကွက် မြို့မဘောလုံးကွင်းရှိ ဂုဏ်ယူမြတ်နိုးတန်ဖိုးထား မြန်မာ့ရိုးရာသနပ်ခါးမဏ္ဍပ်၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် တက်ရောက်လာသူများအား အပြန်အလှန်သနပ်ခါးများ လိမ်းခြယ်ပေးကြသည်။

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စတုဒိသာဗဟိုမဏ္ဍပ်၌ စားသောက်ဖွယ်ရာများကို လာရောက်သုံးဆောင်နေသူများအား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်ဖြင့် အတာရေအေးပက်ဖျန်း၍ ရေကစားကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့ ကမ်းနားလမ်းရှိ ဌာနဆိုင်ရာ စတုဒိသာမဏ္ဍပ်များတွင် သင်္ကြန်ထမင်း၊ ရွှေရင်အေး၊ မုန့်လုံးရေပေါ် အစရှိသော သင်္ကြန်အစားအစာများကို စတုဒိသာတည်ခင်းဧည့်ခံနေမှုနှင့် အများပြည်သူ လာရောက်သုံးဆောင်နေမှုတို့ကို ကြည့်ရှုအားပေးကြပြီး သပြေခက်ဖြင့် အတာရေအေးပက်ဖျန်း၍ အေးချမ်းစွာရေပက်ကစားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့နယ် ဒုံရင်းတိုက်နယ် ဒုံရင်းသဘာဝစမ်းရေတံခွန်နှင့် ဘားအံမြို့ မာန်နဲစန်လမ်းနှင့် ကျော်ဇေယျလမ်းဆုံရှိ လမ်းလျှောက်သင်္ကြန် (အေးသင်္ကြန်)တို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ ပြည်သူများနှင့်အတူ ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# ပဲခူးမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့အား ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာစွာ ကျင်းပလျက်ရှိ



ပဲခူး ဧပြီ ၁၅

ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်း၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့အား ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာစွာ ကျင်းပလျက်ရှိသည်။

## ကြည့်ရှုအားပေး

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးတို့က အေးချမ်းသာယာသော သင်္ကြန်(အေးသင်္ကြန်)ပွဲတော်အား မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ သပြေခက်နှင့် ရေပက်ဖျန်းပြီး ပဲခူးမြို့ လမ်းလျှောက်သင်္ကြန် ပွဲတော် အကြတ်နေ့အား ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဌာနဆိုင်ရာများနှင့် အလှူရှင်များက လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ပါဝင်ဆင်နွှဲကြသည့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအား နေ့စဉ် နံနက်၊ ညနေ စဉ်ဆက်မပြတ် ကျွေးမွေးလျက်ရှိသည့် စတုဒိသာ မဏ္ဍပ်များကို သွားရောက် ကြည့်ရှုအားပေးကြသည်။

ယခုနှစ် ပဲခူးမြို့တွင် ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် တိုက်ဆိုင်လျက်ရှိသဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကလည်း မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ကျင်းပလျက်ရှိသည့် လမ်းလျှောက်သင်္ကြန်ပွဲတော်သို့ ပါဝင်ဆင်နွှဲခြင်းအပြင် လာရောက်လည်ပတ်ကြသူ အချင်းချင်း မြန်မာ့သနပ်ခါးအလှ လိမ်းခြယ်ခြင်းများကိုလည်း ချစ်စရာဓလေ့တစ်ခုအဖြစ် ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကျောက်ပန်းတောင်းမြို့နယ်တွင် အေးချမ်းပျော်ရွှင်စွာ ရေပက်ကစား

ကျောက်ပန်းတောင်း ဧပြီ ၁၅

မြန်မာရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန် အကြတ်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းမှစတင်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ရေပက်ကစားလျက်ရှိကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြန်မာရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ကာလ သင်္ကြန်အကြတ်နေ့ ညနေပိုင်းတွင် မြို့ပေါ်ရှိလမ်းအသီးသီးတွင် ကလေးငယ်များနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိကြပြီး သင်္ကြန်အကျနေ့ထက် ပိုမိုစည်ကားလျက်ရှိသည်။ ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်တွင် ဝန်ထမ်းများနှင့် ပြည်သူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ စတုဒိသာအဖြစ် မုန့်လက်ဆောင်များ တိုက်ကျွေးခြင်းနှင့် မြို့ပေါ်ရှိ အခြားရေကစားမဏ္ဍပ်ငယ်များတွင်လည်း မုန့်လုံးရေပေါ်ကျွေးမွေးခြင်း၊ အချိုရည်တိုက်ကျွေးခြင်း စသည့်ရေကစားကြသူများနှင့် ရေပက်ခံထွက်သူများအား စတုဒိသာအလှူများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)



# တောင်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့ စတုဒိသာကျွေးခြင်းဖြင့် အေးချမ်းသာယာစွာ ကျင်းပ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန် တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ စတုဒိသာကျွေးမွေးခြင်းနှင့် ရေကစားခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ အမှတ် (၇) ရပ်ကွက် သစ္စာလမ်းမကြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ စတုဒိသာအလှူမဏ္ဍပ်တွင် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် အေးချမ်းစွာ ကျင်းပလျက်ရှိသည်။



## ကျွေးမွေးလှူဒါန်း

ထိုသို့ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့အား ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ကျင်းပရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့ဝင်များမှ လာရောက် လည်ပတ်စားသုံးသူများ၊ ခရီးသွားလာပြည်သူများအား မဟာသင်္ကြန် စတုဒိသာ အလှူမဏ္ဍပ်၌ စတုဒိသာအလှူ နံနက်ပိုင်းတွင် ပေါင်မုန့်နို့ဆမ်းနှင့် ညနေပိုင်းတွင် ကြာဆံကြော်ကျွေးမွေးလှူဒါန်းခြင်း၊ ရေသဘင်ပွဲ လာရောက်ပါဝင်ဆင်နွှဲကြသူပြည်သူများအား မြန်မာ့သနပ်ခါးလိမ်းခြယ်ပေးခြင်းနှင့် အတူ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အား ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာစွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# ကျိုင်းတုံမြို့၌ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းစွာ ကျင်းပ

ကျိုင်းတုံ ဧပြီ ၁၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မဟာသင်္ကြန်ပွဲတော် (အကြတ်နေ့) ယနေ့တွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ ရေကစားကြသူများ၊ စတုဒိသာ ကျွေးမွေး လှူဒါန်းသူများက အေးချမ်းစွာ ဆင်နွှဲကြသည်။

ကျိုင်းတုံမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ် မဟာသင်္ကြန်ပွဲတော်ကို လျှောင်ဘေးသင့်ပြည်သူများအား စာနာထောက်ထားသောအားဖြင့် ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ အေးချမ်းသာယာသည့် သင်္ကြန်အဖြစ် ကခုန်တီးမှုတ်ခြင်းမပါရှိဘဲ ပြည်သူများက အေးချမ်းစွာ ရေပက်ဖျန်းခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများဖြင့် ကျင်းပ၍ နှစ်သစ်အတာကို ကူးပြောင်းကြသည်။

ထို့အတူ ကျိုင်းတုံမြို့ ရှမ်းတိုင်းရင်းသားတို့၏ (၆၁၄) ကြိမ်မြောက် ရိုးရာသင်္ကြန် မင်္ဂလာစည်တော်ပို့ဆောင်ပွဲကို လျှောင်ဘေးသင့်ပြည်သူများအား စာနာထောက်ထားသောအားဖြင့် စည်ကားသိုက်မြိုက်စွာ မကျင်းပဘဲ ရိုးရာမပျက် အကျဉ်းချုံးသာ ကျင်းပခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



# ချင်းပြည်နယ်ဝန်ကြီးချုပ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့လှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်အားပေး



ဟားခါး ဧပြီ ၁၅

မဟာသင်္ကြန်ပွဲတော်အကျနေ့ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့လှုပ်ရှားမှု အခမ်းအနားကို ဧပြီ ၁၄ ရက် နံနက်ပိုင်းက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ယိမ်းအဖွဲ့များမှ အလှမယ်များက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး စင်ဝင်ရှေ့တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးအား နံ့သာရည်၊ သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လည်း ဧည့်ပရိသတ်များအား နံ့သာရည်၊ သပြေခက်များဖြင့် အတာရေပက်ဖျန်းပေးကြသည်။

ထို့နောက် ပိတောက်နတ်သမီးယိမ်းအဖွဲ့က စင်မြင့်ထက်၌ သနပ်ခါးသွေးပေးကြပြီး သနပ်ခါးသွေးပေးနေစဉ်အတွင်း တိုင်းရင်းသားရေးရာဌာနမှ ဒေါ်ပါရ်ဘောရ်ဇီးက မြန်မာ့လူ့အဖွဲ့အစည်းတွင် သနပ်ခါးလိမ်းသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့အကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပိတောက်နတ်သမီးယိမ်းအဖွဲ့နှင့် နှဲဦးပျိုမေယိမ်းအဖွဲ့တို့မှ အလှမယ်များက သနပ်ခါးအပြန်အလှန် လိမ်းခြယ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများအား ၎င်းတို့၏ ဇနီးများက အပြန်အလှန် သနပ်ခါးလိမ်းခြယ်ပေးကြပြီး စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ထားဝယ်ဒေသ၌ မြန်မာ့ရိုးရာသင်္ကြန် အကြတ်နေ့တွင် အေးသင်္ကြန် ကျင်းပ



ထားဝယ် ဧပြီ ၁၅

နှစ်သစ်ကူး အတာသင်္ကြန်ကို အေးသင်္ကြန်အဖြစ် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ဒေသခံပြည်သူများက မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များနှင့်အညီ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ထားဝယ်ဒေသအတွင်းရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ မြို့ပေါ်ရပ်ကွက်များရှိ ဘုရား၊ စေတီပုထိုးများနှင့် ဘုရားကျောင်းကန်ဇရပ်များ၊ ဘုန်းတော်ကြီးကျောင်းတို့တွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားရိပ်သာများ၌ တရားစခန်းဝင်ခြင်းနှင့် စတုဒိသာကျွေးမွေး လှူဒါန်းခြင်းများကို ဆောင်ရွက်ကြသည်။

တနင်္သာရီ တိုင်းဒေသကြီးအတွင်း လမ်းလျှောက်သင်္ကြန်၊ အေးသင်္ကြန်တို့ကို မြန်မာရိုးရာအစဉ်အလာများနှင့်အညီ ကျင်းပရာ ဒေသအတွင်းမှ ပြည်သူများလာရောက်ဆင်နွှဲကြပြီး ပါဝင်ဆင်နွှဲသူများအား စတုဒိသာများဖြင့် ကျွေးမွေးကြသည်။

**သနပ်ခါးလိမ်းခြယ်ခြင်းကို တပျော်တပါး ပါဝင်ဆင်နွှဲ**

ထို့အတူ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ကမ္ဘာက သိရှိစေရန် UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်သို့ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် ထားဝယ်မြို့တော် ခန်းမရှေ့တွင် ဆောင်ရွက်လျက်ရှိရာ မြန်မာ့သနပ်ခါးကို အမြတ်တနိုး လိမ်းခြယ်ခြင်းကို တပျော်တပါး ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဆိပ်ဖြူမြို့နယ်၌ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကျင်းပ

ဆိပ်ဖြူ ဧပြီ ၁၅

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ရိုးရာယဉ်ကျေးမှုနှင့်အညီ ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲကျင်းပလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်တွင် အတာသင်္ကြန်ပွဲတော်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ သင်္ကြန်အကြိုနေ့ရက်များတွင် သင်္ကြန်အကြိုပန်းများပူဇော်ခြင်း၊ သင်္ကြန်ရက်များတွင် အမျိုးသား လူကြီးလူငယ်များက သာသနာ့ဘောင်သို့ ဝင်ရောက်တရားဘာဝနာပွားများအားထုတ်ခြင်း၊ ဥပုသ်သီတင်းသီလခံယူဆောက်တည်ခြင်း၊ ရပ်ကွက်များအတွင်း၌ အေးချမ်းစွာရေကစားခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းမှုများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

စိုးလင်းနိုင်(IPRD)



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မဟာသင်္ကြန် အကြတ်နေ့ ရေကစားခြင်းနှင့် စတုဒိသာအာဟာရကျွေးမွေးခြင်းများပြုလုပ်



ရန်ကုန် ဧပြီ ၁၅

ရန်ကုန် တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မဟာသင်္ကြန် (အကြတ်နေ့) မြန်မာ့ရိုးရာ အစဉ်အလာမပျက် ရေကစားခြင်းနှင့် စတုဒိသာ အာဟာရကျွေးမွေးခြင်းများကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၈)ရပ်ကွက် ရန်ကုန်-ညောင်တုန်း လမ်းမကြီးပေါ်ရှိ ကျန်စစ်သားလမ်း ရုံးရှေ့မှတ်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် စတုဒိသာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာ အတာသင်္ကြန် စတုဒိသာမဏ္ဍပ်၌ မြို့နယ်စီမံအုပ်ချုပ်ရေး ဥက္ကဋ္ဌ ဦးအောင်ဘော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများ ရိုးရာမပျက် ရေပက်ကစားလျက်ရှိပြီး သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် ပြည်သူများအား စတုဒိသာ ထမင်းကျွေးမွေးပြီး မြန်မာ့ရိုးရာဓလေ့ သနပ်ခါးလိမ်းခြယ်ခြင်းနှင့် ရပ်ကွက်ကျေးရွာများတွင်လည်း ဥပုသ်သီလဆောက်တည်ခြင်းများဖြင့်အေးချမ်းစွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သင်္ကြန်အကြတ်နေ့၌ ဘိုကလေးမြို့နယ်တွင် ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ရေဆော့ကစားခြင်း၊ နံ့သာလိမ်းခြယ်ခြင်း၊ စတုဒိသာကျွေးမွေးခြင်းများ ဆောင်ရွက်

ဘိုကလေး ဧပြီ ၁၅

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ယနေ့ သင်္ကြန်အကြတ်နေ့၌ ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ရေဆော့ကစားခြင်း၊ နံ့သာလိမ်းခြယ်ခြင်း၊ စတုဒိသာ ကျွေးမွေးမှုများဖြင့် ကုသိုလ်ပြု ဆောင်ရွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းကာ




သင်္ကြန်အကြိုနေ့မှ စတင်ကာ မြို့နယ်စတုဒိသာ မဏ္ဍပ်ဖွင့်လှစ်၍ ယဉ်ကျေးမှုအစဉ်အလာအတိုင်း သပြေခက်ဖြင့် ရေပက်ဖျန်းဆော့ကစားခြင်း၊ နံ့သာလိမ်းခြယ်ခြင်း၊ စတုဒိသာ ကျွေးမွေးမှုများဖြင့် ကုသိုလ်ပြုဆောင်ရွက်ကြကြောင်းနှင့် စတုဒိသာ ကျွေးမွေးမှုကို သင်္ကြန်ကာလပြီးဆုံးသည်အထိ နေ့စဉ်ကုသိုလ်ပြုကျွေးမွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်း၌ အများပြည်သူများကလည်း ယဉ်ကျေးမှု အစဉ်အလာအတိုင်း ရေဆော့ကစားလျက်ရှိကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# ချစ်ဖူးတယ် ချစ်ဖူးတယ် အိုမလွယ်ဘူး ရှုးနိုင်တယ်

**အင်ကြင်းခိုင် (ရန်ကုန်တက္ကသိုလ်)**

မြန်မာစာ မြန်မာစကားတွင် “ဖူး” “ဘူး” “ဗူး” ဟူသော စကားသုံးလုံးသည် အသံဆင်သလိုရှိပြီး အသုံးမကွဲ ဖြစ်နေတတ်ပါသည်။ “ဖူး”သည် ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးကြောင်း ထင်ရှားစေလိုသည့်အခါတွင်သုံးပြီး “ဘူး” သည် ငြင်းပယ်သော အနက်ဖြင့် ကြိယာကို ထောက်ကူရာတွင် သုံးရသည်။ “ဘူး” သည် အသီးကိုစားရသော “ဘူးသီး” တွင် ရေးသားရပြီး “ဗူး”သည် ကလေးငယ်များ “ဗူးမှုတ်”သည့်အခါတွင် သာသုံးသည်။

“ဖူး” အဓိပ္ပာယ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် “ဖူးတွေ့”၊ “ဖူးမြော်”၊ “ဖူးရောင်” တို့တွင်သုံးပြီး “ဖူး”ကို ပစ္စည်းအနေဖြင့်သုံးလျှင် “ဖူး ”၏အဓိပ္ပာယ်မှာ ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ကြောင်း ထင်ရှားစေသည့်စကားလုံးအနေဖြင့် သုံးသည်ကို တွေ့ရှိရပါသည်။

“ဘူး” အဓိပ္ပာယ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်စာအုပ်တွင် “ဘူးသီး၊ ထည့်စရာဘူး” အနေဖြင့် အသုံးပြုနိုင်ပြီး ပစ္စည်းအနေဖြင့် ငြင်းပယ်သောအနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံးဟု ပြဆိုထားပါသည်။

“ဖူး” နှင့် “ဘူး” တို့၏ အသုံးကို ကွဲကွဲပြားပြား သိစေလို၍“ဖူး”ကိုကြုံတွေ့ပြီးဖြစ်သောသဘောတွင် အသုံးပြုရပြီး “ဘူး”ကို ငြင်းပယ်သည့်သဘောပြ ပစ္စည်းနှင့်တွဲပြီး အသုံးပြုရပါမည်။

> **“ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးသည်ကို သေချာစေလိုသည့်အခါတွင် “ဖူး” ကို သက်ဆိုင်ရာကြိယာ၏နောက်တွင် တွဲပြီးသုံးကြခြင်းဖြစ်သည်။ “ဘူး”မှာ “မ” အငြင်းပြပစ္စည်းနှင့် ငြင်းပယ်အနက်ဖြင့် ကြိယာကို ထောက်ကူသောစကားလုံးဖြစ်ပြီး “မ”သည် “ဘူး” ၏ အနက်ကို ငြင်းပယ်လိုက်ခြင်းကို ပြခြင်းဖြစ်”**

“ဖူး”၏ အဓိပ္ပာယ်နှင့် “ဖူး” ၏အခန်းကို သာဓကအနေဖြင့် တင်ပြရလျှင် “စားဖူးသည်၊ သောက်ဖူးသည်၊ သွားဖူးသည်၊ ရောက်ဖူးသည်” စကားလုံးများတွင်ပါသော “ဖူး” သည် ကြုံတွေ့ခဲ့ဖူးသည်မှာ သေချာသည်ဟု ဆိုနိုင်ပါသည်။

“စားဖူးသည်” ဆိုရာတွင် စားသည့်အလုပ်နှင့် ကြုံတွေ့ခဲ့သည်မှာ သေချာသည်ဟု ဆိုလိုရင်းဖြစ်သည်။ “သောက်ဖူးသည်” ဆိုရာတွင်လည်း သောက်သည့်အလုပ်နှင့် ကြုံတွေ့ခဲ့သည်မှာ သေချာသည့် သောက်သည့်အဖြစ်အပျက် သောက်ပြီးသည်မှာ သေချာသည်ဟု ဆိုလိုရင်းဖြစ်သည်။

“သွားဖူးသည်၊ ရောက်ဖူးသည်”တို့သည် သွားခဲ့ပြီးသည်မှာ အမှန်ဖြစ်သည်။ ရောက်ခဲ့ပြီးသည်မှာ အမှန်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ “မြင်ဖူးသည်” “ကြားဖူးသည်” ဆိုသည်မှာ အရင်ကမြင်ခဲ့ပြီးသား၊ အရင်ကြားခဲ့ပြီးသားကို ဆိုလိုရင်းဖြစ်သည်။

သို့ဖြစ်၍ ကြုံတွေ့သိမြင် ဖြစ်ပျက်ခဲ့ပြီးသည်ကို သေချာစေလိုသည့်အခါတွင် “ဖူး” ကို သက်ဆိုင်ရာကြိယာ၏နောက်တွင် တွဲပြီးသုံးကြခြင်းဖြစ်သည်။ “ဘူး”မှာ “မ” အငြင်းပြပစ္စည်းနှင့် ငြင်းပယ်အနက်ဖြင့် ကြိယာကို ထောက်ကူသောစကားလုံးဖြစ်ပြီး “မ”သည် “ဘူး” ၏အနက်ကို ငြင်းပယ်လိုက်ခြင်းကို ပြခြင်းဖြစ်သည်။

ထို့ကြောင့် “မစားဘူး၊ မသောက်ဘူး၊ မသွားဘူး၊ မရောက်ဘူး” တို့သည် “မစားတာ၊ မသောက်တာ၊ မသွားတာ၊ မရောက်တာ” မှန်ကန်သေချာ ထင်ရှားသည်ဟု ပြောရမည်ဖြစ်သည်။

တစ်နည်းဆိုရလျှင် “စားတာ၊ သောက်တာ၊ သွားတာ၊ ရောက်တာ၊ မဟုတ်ပါ” ဟု အသေအချာ ပြောဆိုသည့်သဘောဖြစ်သည်။ “မစားဘူး၊ မသောက်ဘူး၊ မသွားဘူး၊ မရောက်ဘူး” ဆိုသည့် စကားများကို “ဘူး” မပါဘဲ “မသွား၊ မလာ၊ မစား၊ မသောက်” ဟုပြောလျှင် မူလအနက်အဓိပ္ပာယ် ပြောင်းလဲသွားခြင်းမရှိပါ။

သို့သော် “မစား” ဟု မပြောဘဲ “မစားဘူး”ဟု ပြောလိုက်၊ ရေးလိုက်သောအခါ စားခြင်းအလိုမရှိ ငြင်းပယ်ပစ္စည်း “မ” ကို “ဘူး”ဖြင့် ထပ်ပြီးရေးလိုက်သောအခါ “မစား” သည့်အနက်မှာ ပိုပြီးသေချာ လေးနက်သွားသည်။

“ဖူး”နှင့် “ဘူး” တို့ ကွာခြားပုံကွဲကွဲပြားပြား သိစေလို၍ ထပ်မံသာဓကပြရသော် “တစ်ခါမျှ မမြင်ဖူးဘူး” “အရင်ကမစားဖူးဘူး” “ဘယ်သူမျှ မရေးဖူးဘူး” ဆိုသည်တွင် “ဖူး”နှင့်”ဘူး”အသုံးမှာ တွေ့ဖူး၊ ကြုံဖူး၊ ကြားမြင်ဖူးဟု ဖဦးထုပ်နှင့် “ဖူး” ပြီး၊ မတွေ့ပါဘူး၊ မမြင်ဘူးဟု ငြင်းလျှင် ဘကုန်းနှင့် “ဘူး” ရမည်ကို မှတ်သားရင်း “ချစ်ဖူးတယ် ချစ်ဖူးတယ် အိုမလွယ်ဘူး ရှုးနိုင်တယ်” လို့ သီချင်းကို အာရုံပြုရင်း ဒီမှာတင်ရပ်နားလိုက်ပါသည်။ ။

## အချိန်အခါမဟုတ်မိုးရွာနိုင်


နေပြည်တော် ဧပြီ ၁၅


ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ ဧပြီ ၁၉ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာကာ အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




## မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် ဧပြီ ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် ဧပြီလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် ဧပြီလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

■

**ရေချွေတာရေး နည်းလမ်းများ**

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။



## ပါလက်စတိုင်းနိုင်ငံတည်ထောင်မည့်အရေးကို ဆန့်ကျင်ကန့်ကွက်ကြောင်း အစ္စရေးဝန်ကြီးချုပ်ပြောကြား

**ဂျေရုဆလင် ဧပြီ ၁၅**

ပါလက်စတိုင်းနိုင်ငံ တည်ထောင်မည့်အရေးကို ဆန့်ကျင်ကန့်ကွက်ကြောင်း အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။

**ပြောကြား**

နိုင်ငံတကာမှ ပါလက်စတိုင်းနိုင်ငံ တည်ထောင်မည့်အရေးအား ထောက်ခံမှု မြင့်တက်နေချိန်တွင် နေတန်ယာဟုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မိမိအနေဖြင့် ပါလက်စတိုင်းနိုင်ငံ တည်ထောင်မည့်ကိစ္စအား ဆန့်ကျင်ကန့်ကွက်ကြောင်းနှင့် ၎င်းကိစ္စသည် အကြမ်းဖက်မှုများ ဆောင်ရွက်ရန် အားပေးခြင်းဖြစ်သည်ဟု နေတန်ယာဟုက ပြင်သစ်သမ္မတမက်ခရွန်အား ဖုန်းဖြင့် ဆွေးနွေးစဉ် ပြောကြားသည်။ ပါလက်စတိုင်းအားနိုင်ငံအဖြစ် တည်ထောင်ပါက အီရန်ကၡင်းနိုင်ငံတွင် အကြမ်းဖက်မှုများ ဆောင်ရွက်ရန် အခြေစိုက်စခန်းများ ဖွင့်လှစ်မည်ဖြစ်ပြီး ၎င်းကိစ္စကို အစ္စရေးနိုင်ငံသားများက ဆန့်ကျင်လိမ့်မည်ဟု နေတန်ယာဟုက ပြောကြားသည်။

မိမိအနေဖြင့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးနှင့် ဟားမတ်စ်အဖွဲ့အား လက်နက်စွန့်လွှတ်ရေးတို့ကို လိုလားကြောင်း လူမှုမီဒီယာ အိက်စ်တွင်မက်ခရွန်က ပြောကြားသည်။ အပစ်အခတ်ရပ်စဲရေး ဆောင်ရွက်ခြင်းဖြင့် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေး ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ဝင်ရောက်ခွင့်ပြုရန် လိုအပ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-စိုးသူရ**

## နေ့စဉ်လူနေမှုဘဝတွင် သွက်လက်စွာလှုပ်ရှားသွားလာခြင်းက နှလုံးကျန်းမာရေးအတွက်အကျိုးပြု

**ဆစ်ဒနီ ဧပြီ ၁၅**

နေ့စဉ်လူနေမှုဘဝတွင် ကိုယ်ခန္ဓာကို သွက်လက်စွာ လှုပ်ရှားသွားလာခြင်းက နှလုံးကျန်းမာရေးအတွက် ကောင်းမွန်ကြောင်း ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ ပညာရှင်များ၏ လေ့လာချက်အရသိရသည်။

ယခုတွေ့ရှိချက်သည် ကျန်းမာရေးလေ့ကျင့်ခန်းမပြုလုပ်သော်လည်း အိမ်မှုကိစ္စများကို ဆောင်ရွက်သည့် နိုင်ငံသား ၂၄၀၀၀ ကို လေ့လာရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သွက်လက်စွာ လှုပ်ရှားသွားလာခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်နိုင်ကြောင်း ပညာရှင်များက အတည်ပြုပြောကြားသည်။

၎င်းဆောင်ရွက်ချက်များတွင် အိမ်မှုကိစ္စများ ပြုလုပ်ဆောင်ရွက်ခြင်းလည်းပါဝင်ကြောင်း သိရသည်။

နေ့စဉ်ဘဝတွင် သွက်လက်စွာလှုပ်ရှားသွားလာခြင်းဖြင့် လေဖြတ်ခြင်းနှင့် နှလုံးရောဂါများကို ကာကွယ်နိုင်ကြောင်း သိရသည်။

ထို့ပြင် သွက်လက်စွာလှုပ်ရှားသွားလာခြင်းသည် အချိန်မတိုင်မီ စောစီးစွာသေဆုံးခြင်းကို ကာကွယ်နိုင်ကြောင်း လေ့လာမှုများအရ သိရသည်။ သွက်လက်စွာ လှုပ်ရှားသွားလာသူများသည် သွက်လက်စွာလှုပ်ရှားသွားလာမှု မရှိသူများထက် နှလုံးကျန်းမာရေး ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



## အမေရိကန်နှင့် ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံသည့်အရေး ဆွေးနွေးရာတွင် သဘောတူညီချက်များရရှိရေး အလျင်စလိုဆောင်ရွက်မည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ်ပြောကြား

**တိုကျို ဧပြီ ၁၅**

အမေရိကန်နှင့် ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံသည့်အရေး ဆွေးနွေးရာတွင် သဘောတူညီချက်များရရှိရေး အလျင်စလိုဆောင်ရွက်မည်မဟုတ်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မထိခိုက်စေသည့် သဘောတူညီချက်များကိုသာ ရယူရန်လိုလားကြောင်း ပါလီမန်တွင်ကျင်းပသည့် ဆွေးနွေးပွဲတွင် ၎င်းက ပြောကြားသည်။ ဂျပန်၏ပို့ကုန်များအပေါ် အမေရိကန်၏ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံသည့် မူဝါဒကြောင့် ထိခိုက်ခံစားရမှုများအပေါ်တွင် တာဝန်ရှိသူများက ဆွေးနွေးခြင်းဖြစ်သည်။ ယခုသီတင်းပတ်အတွင်း ဂျပန်နှင့်အမေရိကန်အကြား ၎င်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် အမေရိကန်သို့တင်သွင်းသည့် ကားများအပေါ်တွင် အမေရိကန်က ကုန်သွယ်ခွန်တိုးမြှင့်ကောက်ခံမည့်အရေးကို ပူပန်နေကြောင်းသိရသည်။ ယမန်နှစ်အတွင်းက ဂျပန်မှ ထုတ်လုပ်သည့် ကား ၁ ဒသမ ၃၇ သန်းကို အမေရိကန်သို့တင်ပို့ခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားမှု ပြင်းထန်စွာဖြစ်ပွား

**နိုင်ရိုဘီ ဧပြီ ၁၅**

ကင်ညာနိုင်ငံတွင် မိုးခေါင်ရေရှားမှု ပြင်းထန်စွာ ဖြစ်ပွားနေသဖြင့် စိုက်ပျိုးသီးနှံများ ထုတ်လုပ်မှုကျဆင်းပြီး နိုင်ငံသား သန်းပေါင်းများစွာ အငတ်ဘေး ကြုံတွေ့နေရကြောင်း အမျိုးသား မိုးခေါင်ရေရှားမှု စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။



နိုင်ငံအတွင်းရှိ ဒေသ ၁၅ ခုတွင် မိုးခေါင်ရေရှားမှုဖြစ်ပွားနေပြီး အခြားဒေသရှစ်ခုမှာ သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် မိုးခေါင်ရေရှားမှု ဆိုးရွားစွာဖြစ်ပွားနေပြီး အကျိုးဆက်အဖြစ် ကျွဲနွားတိရစ္ဆာန်များတွင် ခွာနာလျှာနာနှင့် ကျောက်ရောဂါများ ဖြစ်ပွားနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာဖရိကဦးချိုဒေသတွင် လက်ရှိအချိန်၌ လူဦးရေ ၆၉ ဒသမ ၂ သန်းမှာ ရာသီဥတုပြောင်းလဲမှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ဂါဇာဒေသတွင် သေဆုံးသည့် ပါလက်စတိုင်းဒေသခံ ၅၁၀၀၀ ရှိလာ

**ဂျေရုဆလင် ဧပြီ ၁၅**

ဂါဇာဒေသတွင် အစ္စရေးနှင့် ဟားမတ်စ်အဖွဲ့အကြား လက်နက်ကိုင်ပဋိပက္ခစတင်ချိန်မှ လက်ရှိအချိန်အထိ ပါလက်စတိုင်းဒေသခံ ၅၁၀၀၀ သေဆုံးခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေးတာဝန်ရှိသူများက ဧပြီ ၁၅ ရက်တွင် ပြောကြားသည်။

၎င်းလက်နက်ကိုင်ပဋိပက္ခတွင် ထိခိုက်ဒဏ်ရာရရှိသူ ၁၁၆၃၄၃ ဦး ရှိလာကြောင်းလည်း တာဝန်ရှိသူများက မှတ်ချက်ပြုပြောကြားသည်။ လက်ရှိအချိန်တွင် အပျက်အစီးများအောက်၌ ပိတ်မိနေသူများကို ကယ်ဆယ်ရေးလုပ်ငန်းများ မဆောင်ရွက်နိုင်သေးကြောင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ နှောင့်နှေးနေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ မတ် ၁၈ ရက်တွင် အစ္စရေးက တိုက်ခိုက်မှုများ ထပ်မံဆောင်ရွက်ခဲ့သဖြင့် ပါလက်စတိုင်းဒေသခံ ၁၆၃၀ ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ပါကစ္စတန်နိုင်ငံတွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေး တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများပြန်ပေးဆွဲခံရ

**အစ္စလာမာဘတ် ဧပြီ ၁၅**

ပါကစ္စတန်နိုင်ငံတွင် ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးရေး တာဝန် ထမ်းဆောင်နေသည့် ကျန်းမာရေး လုပ်သားနှစ်ဦးသည် နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဗာပက်တွန်ခွာပြည်နယ်တွင် ဧပြီ ၁၅ ရက်က သေနတ်သမားများ၏ ပြန်ပေးဆွဲခြင်းခံရကြောင်း သိရသည်။



ဒီယာအစ္စမေးခန်း ခရိုင်ရှိ ဒီယာအစ္စမေးခန်းမြို့သို့ ဦးတည်လာသည့် ခရီးသည်ကားတစ်စီးအား သေနတ်သမားများက တားဆီးခဲ့ပြီး ကားပေါ်မှ ကျန်းမာရေးလုပ်သားများဖြစ်သည့် ရဒ်မို ဟာမက်နှင့် မိုဟာမက်အေဆက်တို့အား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။ ၎င်းတို့အား ကယ်ဆယ်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်နေကြသည်။

**မကြာခဏ ပြန်ပေးဆွဲခံရလေ့ရှိ**

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများသည် ကမ္ဘာပေါ်တွင် ပိုလီယိုတိုက်ဖျက်ရေး ဆောင်ရွက်နေသည့် နိုင်ငံများဖြစ်ပြီး နိုင်ငံတွင်း တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးလုပ်သားများ မကြာခဏ ပြန်ပေးဆွဲခံရလေ့ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# မြန်မာ့သနပ်ခါးကို ကမ္ဘာကသိစေဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

**လင်းလက်နေခြည်**



လူမျိုးတိုင်းတွင် ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးတမ်း၊ အစဉ်အလာများရှိသကဲ့သို့ တန်ဖိုးထားထိန်းသိမ်းပြီး သုံးစွဲလာကြသည့် အရာများလည်း ရှိသည်။ မြန်မာလူမျိုးများ၏ ချစ်စရာအစဉ်အလာများနှင့် တန်ဖိုးထားထိန်းသိမ်းသုံးစွဲလာကြသည့် အရာများအနက် နတ်ဆေးတစ်ပါးဟု တင်စားကြရသည့် မြန်မာ့ဆေးဖက်ဝင် “သနပ်ခါး” သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ “နွေ၊ မိုး၊ ဆောင်း” ဆိုသည့် ရာသီဥတုသုံးပါးစလုံးနှင့် ညီညွတ်မျှတပြီး သဘာဝနှင့် လိုက်ဖက်ညီစွာ တည်ရှိပေးနိုင်သည့် မြန်မာ့သနပ်ခါးကို မြန်မာအမျိုးသမီးများ လိမ်းခြယ်ခဲ့သည်မှာ ရှေးပဝေသဏီကတည်းကပင်ဖြစ်သည်။ နည်းပညာခေတ်တွင် ခေတ်မီဆေးဝါးများ၊ အလှအပရေးရာဆိုင်ရာ ဆေးဝါးများနှင့် အသုံးအဆောင်များ မည်မျှပင်ပေါများလာစေကာမူ မြန်မာ့သနပ်ခါးသည် မြန်မာအမျိုးသမီးများအတွက် ပစ်ပယ်ထား၍ မရသော ရှေး ဘိုး၊ ဘေး၊ ဘီ၊ ဘင် များ ထားရှိခဲ့သည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခု ဖြစ်ပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက မြန်မာအမျိုးသမီးများ၏ မှန်တင်ခုံရှေ့တွင် နေရာယူထားသည့် မြန်မာ့သနပ်ခါးသည် အလှပြင်ပစ္စည်းတစ်ခုဖြစ်ရုံသာမက ခန္ဓာကိုယ်အတွင်းရှိ အညစ်အကြေးများကို ကင်းစင်စေသော အရာပင်ဖြစ်သည်။ “သနပ်ခါး” ဟူသော ဝေါဟာရအသုံးအနှုန်းသည် “သနခါ” ဟူသောစကားမှ ဆင်းသက်လာသည်ဟု လေ့လာသိရှိရသည်။ “သန” ဆိုသည်မှာ “မသန့်မရှင်းဖြစ်သည်” ဟု အဓိပ္ပာယ်ရပြီး “ခါ” ဆိုသည်မှာ “ကင်းစင်စေသည်” ဟု အဓိပ္ပာယ်ရသဖြင့် “သနခါ” ဆိုသည်မှာ မကောင်းသော အညစ်အကြေးများကို ကင်းစင်သွားစေသည့်အရာဟု အဓိပ္ပာယ်ရသည်။ ခေတ်ကာလရွေ့လျောလာသည့်အခါတွင် “သနခါ” မှ “သနပ်ခါး” ဟု တဖြည်းဖြည်းပြောင်းလဲလာခဲ့သည့် မြန်မာ့သနပ်ခါးသည် အညှော်များပျောက်ကင်းသော၊ ရောဂါဘယများကင်းစင်စေသော နတ်ဆေးတစ်ပါးပင် ဖြစ်သည်။

## တစ်ပင်လုံး လိုရာသုံး

“သနပ်ခါးသည်ပူ၏၊ သွေးကိုကြွစေတတ်၏၊ ပူခါးချုပ်ပွင့်ဖြစ်၏၊ အရေပြားယားယံခြင်း၊ ဓာတ်မတည့်ခြင်းတို့အတွက် သနပ်ခါးကို ဆားနှင့်ရောသွေးကာ လိမ်းကျံကြသည်။ ငန်းမန်းကိုနိုင်စေ၏၊ အပူနာ၊ အအေးနာ နှစ်မျိုးစလုံးနိုင်၏” ဟု မြန်မာ့ဆေးကျမ်းများတွင် ဖော်ပြထားသည်နှင့် အညီ မြန်မာ့ရိုးရာသနပ်ခါးသည် အလှအပရေးရာအတွက် အသုံးပြုရသည့်အရာတစ်ခုဖြစ်သကဲ့သို့ ကျန်းမာရေးအတွက်လည်း ဆေးတစ်ခွက်အဖြစ် အသုံးပြုနိုင်သည်။ အသားအရေစိုပြည်ဝင်းမွတ်စေပြီး ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်တို့ကို ပျောက်ကင်းစေသည့် သနပ်ခါးသည် နေလောင်ဒဏ်ကိုလည်း ကာကွယ်ပေးသည်။ ထို့ပြင်အရေပြားကင်ဆာကိုပင် ပျောက်ကင်းစေသည်။ သနပ်ခါးအရွက်သည် အနာကြီးရောဂါကို ပျောက်ကင်းစေပြီး အရွက်ကိုအခြောက်လှန်း အမှုန့်ကြိတ် သောက်သုံးပေးမည်ဆိုပါက ဝမ်းတွင်းရောဂါများအပါအဝင် ကင်ဆာရောဂါကို ပျောက်နိုင်သည်ဟု သိရသည်။

သနပ်ခါးပင်မှ အသီးသည်လည်း အဆိပ်ပြေသည့် အာနိသင်ရှိပြီး အဆိပ်ဖြေဆေး၊ ခွန်အားတိုးဆေး စသည်ဖြင့် ဆေးများဖော်စပ်ရာတွင် အသုံးပြုနိုင်သည်ဟုသိရသည်။ သနပ်ခါးအမြစ်သည် ဝမ်းရောဂါများကို သက်သာပျောက်ကင်းစေသည့် ဆေးများဖော်စပ်ရာတွင် အသုံးပြုနိုင်ပြီး အမြစ်ကို သွေး၍ လိမ်းခြင်း၊ သောက်ခြင်းဖြင့် ဝမ်းတွင်းရောဂါများအပါအဝင် အမျိုးသမီးရောဂါများကိုလည်း သက်သာပျောက်ကင်းစေနိုင်သည်ဟု သိရသည်။ သနပ်ခါးကိုသွေး၍ သောက်ပေးခြင်းဖြင့် အမျိုးသားများအတွက် ဆီးရောဂါအပါအဝင် အမျိုးသားရောဂါများ၊ အမျိုးသမီးများအတွက် မီးယပ်ကဲ့သို့သော အမျိုးသမီးရောဂါများကို သက်သာပျောက်ကင်းစေသည်ဟု သိရသည်။ အရွက်၊ အသီး၊ အပွင့်၊ ပင်စည်၊ အမြစ် စသည်ဖြင့် တစ်ပင်လုံးအသုံးဝင်သည့် သနပ်ခါးကို ယခုအခါ ခေတ်မီတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် မျက်နှာလိမ်းခရင်မ်၊ ဖောင်ဒေးရှင်း၊ မျက်နှာပေါင်းတင်ဆေး၊ ဝက်ခြံတင်းတိပ်ပျောက်ဆေး၊ ဘော်ဒီလိုးရှင်း၊ ရေမွှေး စသည်ဖြင့် ထုတ်လုပ်အသုံးပြုနေကြပြီဖြစ်သည်။

## မြန်မာ့သနပ်ခါးနေ့ဖြစ်ပေါ်လာပုံ

သနပ်ခါးသည် ရှေးယခင်ကတည်းက မြန်မာနိုင်ငံ အလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသများတွင် အများဆုံး အလေ့ကျရှင်သန်ပေါက်ရောက်နိုင်သည့် အပင်ဖြစ်သည်။ ယခုအခါတွင် မြန်မာနိုင်ငံ အပူပိုင်းဒေသများဖြစ်သည့် အရာတော်၊ မုံရွာ၊ ကျောက်ကာ၊ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူ၊ မြင်းခြံ၊ ပြည်၊ ရွှေဘို၊ စစ်ကိုင်း၊ မြင်းမူ၊ ကနီ စသည့်ဒေသများတွင် စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ရှေးဘုရင်များလက်ထက်က အအေးဓာတ်လွန်ကဲသည့် တပို့တွဲလတွင် ထမနဲထိုးပွဲအပါအဝင် သက်တော်ထင်ရှား မြတ်စွာဘုရားကိုရည်စူး၍ အနွေးဓာတ်ရရှိစေရေး လက်တော်ကင်ရန်နှင့် မီးလှူရန်ရည်ရွယ်ကာ မီးဖုန်းပွဲကိုကျင်းပခဲ့သည်။ “ဖုန်း” ဆိုသည်မှာ “ပုည” ဆိုသည့် ပါဠိဘာသာစကားမှ ဆင်းသက်လာခဲ့ပြီး “ကုသိုလ်”ဟု အဓိပ္ပာယ်ရသဖြင့် “မီးဖုန်းပွဲ” ဆိုသည်မှာ မီးအလှူပွဲဟု အဓိပ္ပာယ်ရသည်။ ကာလရွေ့လျောလာသည့်အခါတွင် မီးဖုန်းပွဲမှ မီးဖုံး၊ မီးပုန်း၊ မီးပုံး၊ မီးပုံပွဲဟု အဆင့်ဆင့်ပြောင်းလဲခေါ်ဝေါ် အသုံးပြုလာခဲ့ကြသည်။ ထိုမီးဖုန်းပွဲ၌ အေးမြသည့်အညာဒေသတွင် ဘုရားရှင်အား အနွေးဓာတ်ရရှိစေရေး မီးပူဇော်ကြရာတွင် နံ့သာဖြူ၊ နံ့သာနီ၊ ကရမက် စသည်တို့နှင့်အတူ မြန်မာ့ရိုးရာသနပ်ခါးကိုပါ မီးပုံအတွင်း ထည့်သွင်းပူဇော်လေ့ရှိကြသည်။

မြတ်စွာဘုရားရှင်အား အနွေးဓာတ်ပူဇော်ရာတွင် ထည့်သွင်းအသုံးပြုခဲ့သည့် မြန်မာ့သနပ်ခါးကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန်အတွက် ၂၀၂၂ ခုနှစ်တွင် မီးဖုန်းပွဲကျင်းပသည့် တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံတွင် သနပ်ခါးအများဆုံးစိုက်ပျိုးသည့် ဒေသမှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့ဖြစ်သဖြင့် ၂၀၁၉ ခုနှစ်တွင် “သနပ်ခါးမြို့တော် အရာတော်” အဖြစ် သတ်မှတ်ခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် သနပ်ခါးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် “မြန်မာနိုင်ငံ သနပ်ခါးအသင်း” အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့သည်။ မြန်မာ့ရိုးရာသနပ်ခါးကို အစဉ်တန်ဖိုးထားထိန်းသိမ်းတတ်သည့် ယဉ်ကျေးမှုများ တိမ်ကောပျောက်ကွယ်မှုမရှိစေရေးနှင့် မြန်မာ့သနပ်ခါးကို ပြည်ပဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် သနပ်ခါးနေ့အထိမ်းအမှတ် အခမ်းအနားများကျင်းပခြင်း၊ သနပ်ခါးလှပျိုမေပြိုင်ပွဲကျင်းပခြင်း၊ ဈေးရောင်းပွဲတော်များကျင်းပခြင်း၊ သနပ်ခါးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တန်ခိုးကြီးဘုရားများတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လိမ်းကျံရန်အတွက် ဆေးသနပ်ခါးကျောက်ပြင်များထားရှိခြင်းနှင့် သနပ်ခါးဈေးရောင်းပွဲတော်များ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

## တန်ဖိုးထားဖို့လိုလေပြီ

သနပ်ခါးပင်ကို မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် တွေ့ရှိရသည်ဟုဆိုသော်လည်း မြန်မာ့သနပ်ခါးသည် အရည်အသွေးအမြင့်မားဆုံးနှင့် အကောင်းဆုံးဖြစ်သည်။ သနပ်ခါးကို တွင်ကျယ်စွာအသုံးပြုသည့် နိုင်ငံမှာလည်း မြန်မာနိုင်ငံပင်ဖြစ်သည်။ “ဆောင်းမှာနွေး၊ နွေမှာအေး” ဆိုသည့် ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံသည့် မြန်မာ့သနပ်ခါး၏ အာနိသင်နှင့် ကောင်းကျိုးများသည် မရေမတွက်နိုင်အောင်ရှိသဖြင့် သနပ်ခါးကို ပါးပြင်ထက်တွင် မြတ်နိုးစွာ လိမ်းကျံခြယ်သသည့် အလေ့အထများကို တန်ဖိုးထားထိန်းသိမ်းကြရန် လိုသည်။ ဝိသေသလက္ခဏာထူးများဖြင့် ပြည့်စုံကြွယ်ဝပြီး နတ်ဆေးတစ်ပါးဟုတင်စားရသည့် မြန်မာ့သနပ်ခါးကို လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နိုင်ရေး ၂၀၂၀ ပြည့်နှစ်ကတည်းက ကြိုးစားဆောင်ရွက်ခဲ့သည်ဟု သိရသည်။

တပို့တွဲလပြည့်နေ့ (မြန်မာ့သနပ်ခါးနေ့)တွင် မြန်မာနိုင်ငံ သနပ်ခါးအသင်းကကြီးမှူး၍ နိုင်ငံတစ်ဝန်းလုံး၌ သနပ်ခါးနေ့အထိမ်းအမှတ်ပွဲများ ကျင်းပခဲ့ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ပြည်သူလူထုလှုပ်ရှားမှုများကို အောင်မြင်စွာကျင်းပပြုလုပ်ခဲ့သည်။ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့်စပ်လျဉ်း၍ ပြည်သူလူထုအား အသိပညာပေးလှုပ်ရှားမှုကို ဖေဖော်ဝါရီလ ၂ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် မြန်မာ့သနပ်ခါးကို ယူနက်စကို၏ Representative List of The Intangible Cultural Heritage of Humanity သို့ အမည်စာရင်းတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မြန်မာ့သနပ်ခါးနှင့်စပ်လျဉ်း၍ သဘောထားအမြင်စစ်တမ်း ကောက်ယူလျက်ရှိပြီး မတ်လ ၃၁ ရက်နေ့တွင် ယူနက်စကိုသို့ တင်သွင်းမည်ဟုသိရသည်။ မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာကောင်းများထွန်းကားရာ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်နေရာဒေသများစွာရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာတို့၏ အတာသင်္ကြန်ပွဲတော်သည်လည်း လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ဝင်ခဲ့ပြီဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့ရိုးရာသနပ်ခါးကိုလည်း မြန်မာတို့သာမက ကမ္ဘာသူ ကမ္ဘာသားများကပါ တန်ဖိုးထားထိန်းသိမ်းနိုင်ရေး လူသားမျိုးနွယ်ကိုယ်စားပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာ့သနပ်ခါးဝင်ရောက်နိုင်ရေးအတွက် သဘောထားစစ်တမ်းတွင် ပါဝင်ဖြေဆိုခြင်းဖြင့်လည်းကောင်း၊ သနပ်ခါးလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း မြန်မာ့ဂုဏ်ဒြပ်သနပ်ခါးကို ကမ္ဘာကသိစေရေး ကြိုးစားဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရည်ညွှန်းကိုးကား။ ။နေ့စဉ်ထုတ်သတင်းစာများ။

**“သနပ်ခါးပင်ကို မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် တွေ့ရှိရသည်ဟုဆိုသော်လည်း မြန်မာ့သနပ်ခါးသည် အရည်အသွေးအမြင့်မားဆုံးနှင့် အကောင်းဆုံးဖြစ်ပြီး သနပ်ခါးကို တွင်ကျယ်စွာအသုံးပြုနေသည်မှာလည်း မြန်မာနိုင်ငံပင်ဖြစ်သည်။ “ဆောင်းမှာနွေး၊ နွေမှာအေး” ဆိုသည့် ဂုဏ်ဒြပ်တို့နှင့်ပြည့်စုံနေသည့် မြန်မာ့သနပ်ခါး၏ အာနိသင်နှင့် ကောင်းကျိုးများသည် မရေမတွက်နိုင်အောင်ရှိသဖြင့် သနပ်ခါးကို ပါးပြင်ထက်တွင် မြတ်နိုးစွာလိမ်းကျံခြယ်သသည့် အလေ့အထများကို တန်ဖိုးထားထိန်းသိမ်းကြရန်လို”**

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** -**MYEBMMMY**
- **Beneficiary Name** -**Natural Disaster Management Fund**
- **Beneficiary A/C No** -**EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ် မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

























# လူငယ်နှင့် လူသားချင်းစာနာထောက်ထားမှု

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

**လူသားမျိုးနွယ်တို့သည် သဘာဝဘေးအန္တရာယ် ရင်ဆိုင်တွေ့ကြုံရသောအခါ စိတ်ပျက်အားငယ်ကြသည်။ ကြောက်ရွံ့ကြသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် မဝံ့မရဲဖြစ်ကြသည်။ ဤကဲ့သို့သော စိန်ခေါ်မှုအချိန်ကာလများတွင် မိမိကိုယ်ကို စိတ်ဓာတ်မြှင့်တင်ပေးရန်လိုသည်။ အခြားသူများကိုလည်း အခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်ရန် လှုံ့ဆော်ပေးရမည်ဖြစ်သည်။ လူငယ်များအနေဖြင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်ခြင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် မျှဝေခံစားခြင်း၊ လူသားဆန်မှုဖြင့် မိမိကျရာနေရာမှ ပါဝင်ကူညီခြင်းတို့သည် လူသားချင်းစာနာထောက်ထားမှု၏ ပြယုဂ်များပင်ဖြစ်**

ကမ္ဘာပေါ်ရှိလူတိုင်းပါဝင်သော လူသားမျိုးနွယ်တို့တွင် ချစ်ခြင်းမေတ္တာ၊ သနားကြင်နာမှု၊ တီထွင်ဖန်တီးမှုနှင့် လူသားချင်းစာနာထောက်ထားမှုများ ရှိကြသည်။ စင်စစ် လူသားတို့၏ဘဝတွင် လူသားချင်းစာနာထောက်ထားမှုသည် အရေးပါသောအခန်းကဏ္ဍတွင်ရှိနေသည်။ တစ်နည်းအားဖြင့် လူသားတို့သည် အခြားသူများကို တတ်နိုင်သမျှ အချိန်မရွေး ပြုစုစောင့်ရှောက်ကူညီခြင်းကို ရည်ညွှန်းသည်။ အခြားသူများက အခက်အခဲဖြစ်နေချိန် မိမိတို့၏ အကူအညီလိုအပ်ချိန်တွင် တစ်ကိုယ်ကောင်းဆန်သော အကျိုးစီးပွားများကို မေ့လျော့ပြီး အကူအညီပေးတတ်စမြဲဖြစ်သည်။ အနာဂတ်၏မျိုးဆက်များဖြစ်သော လူငယ်များတွင် လူသားချင်းစာနာထောက်ထားမှုစိတ်ဓာတ် မွေးမြူနိုင်ရန်လိုအပ်သည်။

Humanity ဟူသော လူသားမျိုးနွယ်၏ သဘောတရားသည် လူမျိုး၊ ဘာသာ၊ အသားအရောင် သို့မဟုတ် နိုင်ငံရေးအရမကြည့်ဘဲ လိုအပ်မှုတစ်ခုတည်းအပေါ်အခြေခံ၍ အကူအညီပေးလိုသောဆန္ဒမှ အစပြုသည်။ အဆိုပါအဖွဲ့အစည်းကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် တည်ထောင်ခဲ့ပြီး ၁၉၉၄ ခုနှစ်တွင် မှတ်ပုံတင်ခဲ့ခြင်းဖြစ်သည်။

လူငယ်များတွင် လူသားချင်းစာနာထောက်ထားမှုစိတ်ဓာတ်နှင့်အတူ ဒုက္ခရောက်နေသူများ၊ အကူအညီ လိုအပ်နေသူများအတွက် အကြင်နာတရား ရှိကြသည်။ ကြက်ခြေနီအဖွဲ့များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များတွင် လူငယ်တို့၏ အကြင်နာတရားနှင့် ကူညီလိုစိတ်ကို အထင်အရှား တွေ့မြင်နိုင်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေသူများ၊ အိုးမဲ့အိမ်မဲ့ဖြစ်နေသူများ၊ အစားအစာလိုအပ်နေသူများအတွက် ဘေးဒုက္ခဖြစ်ရသောနေရာများသို့ မိမိတို့၏ အချိန်နှင့်စွမ်းအားကိုအသုံးချကာ စေတနာ့ဝန်ထမ်းလုပ်ဆောင်နေသော လူငယ်များတွင် လူသားချင်းစာနာထောက်ထားမှု အပြည့်ရှိသည်ကို တွေ့ရသည်။

လူငယ်များသည် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပါဝင်ခြင်းဖြင့် ကြင်နာသနားခြင်းနှင့်အတူ စာနာစိတ်များတိုးပွားလာသည်။ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရသဖြင့် ယင်းအခက်အခဲကာလတွင် မည်သို့ဖြေရှင်းရမည်ဆိုသော အတွေ့အကြုံသစ်များ ရရှိလာမည်ဖြစ်သည်။ နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အတွေ့အကြုံကောင်းများကို အရယူရမည်သာဖြစ်သည်။ ယင်းကို လက်တွေ့ အသုံးချခြင်းဖြင့် အသိပညာအတွေ့အကြုံများ ရရှိလာမည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ယူနီဆက်ဖ် (UNICEF) ဥရောပနှင့် အာရှအရှေ့အလယ်ပိုင်းက "အရေးကြီးဆုံးအရာကတော့ လူ့အသက်ဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ လူ့အသက်ကို တတ်နိုင်သမျှ ကယ်တင်ရမည်" ဟု ဖော်ညွှန်းခဲ့သည်။ မမျှော်လင့်ဘဲ ရင်ဆိုင်ခဲ့ရသော သဘာဝဘေးအန္တရာယ်များ (ဥပမာ အင်အားကြီးမားသော ငလျင်၊ ရေကြီးရေလျှံခြင်းစသည်)တွင် လူသားတို့၏ အသက်စည်းစိမ်ဥစ္စာများ ဆုံးရှုံးကြရသည်။ ဤတွင် အရေးကြီးသော လူ့အသက်ကို ကယ်တင်ရန်မှာ နိုင်ငံအားလုံး၊ လူသားအားလုံး၏ ဖေးမကူညီလိုစိတ်၊ လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်ရှိရန် လွန်စွာအရေးကြီးပေသည်။ ငွေကြေးတတ်နိုင်သူများက ငွေကြေးများ၊ ပစ္စည်းများကို ကူညီထောက်ပံ့နေကြသည်။ လူမှုကယ်ဆယ်ရေးအသင်းများ ပရဟိတလုပ်အားပေးအဖွဲ့များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်လူငယ်များသည် မိမိတို့၏လုပ်အားဖြင့် ကျရာနေရာတွင် အပင်ပန်းခံ လုပ်အားပေးနေကြသည်မှာ လေးစားဖွယ်ရာဖြစ်သည်။

သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရသောအခါ လူသားတို့၏အသက်များ ဆုံးရှုံးရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် အခြားကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများရှိသည်။ ပစ္စည်းဥစ္စာများ ပျက်စီးခြင်း၊ အသက်မွေးဝမ်းကျောင်းနှင့် ဝန်ဆောင်မှုများ ဆုံးရှုံးခြင်း၊ လူမှုရေးနှင့် စီးပွားရေး ထိခိုက်ဆုံးရှုံးခြင်းများ တွေ့မြင်နေရသည်။

ဤတွင် လူသားအားလုံး၏ လူလူချင်းစာနာထောက်ထားစိတ်ဖြင့် "ပြိုင်တူတွန်းလျှင် ရွေ့ပါသည်" ဆိုသကဲ့သို့ မိမိတို့ကျရာနေရာမှ တစ်တပ်တစ်အား ဖေးမကူညီလိုစိတ်ရှိရန်လိုသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ လူငယ်တို့၏ ရဲဝံ့စွန့်စားလိုသောစိတ်ဓာတ်က အရေးပါလှသည်။ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် လူငယ်တို့၏ သတ္တိနှင့်စွမ်းပကားက မရှိမဖြစ် အရေးပါနေသည်။

စင်စစ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအပြင် နိုင်ငံသားများအနေဖြင့် သဘာဝဘေးအန္တရာယ်အတွက် မိမိဘာသာပြင်ဆင်ခြင်းနှင့် ဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင် ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်ခြင်းသည်လည်း အရေးပါသည်။ ဤတွင် လူငယ်များ၏ မွန်မြတ်သောစိတ်ထားဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ရန် လိုအပ်ပေသည်။ အရေးပေါ်စီမံခန့်ခွဲမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများတွင် လူငယ်တို့၏ ကြိုးပမ်းအားထုတ်မှုများ၊ ဝန်ဆောင်မှုများပေးနေခြင်းသည် လူသားချင်းစာနာထောက်ထားမှု၏ လက်တွေ့လုပ်ဆောင်မှုများပင်ဖြစ်သည်။

လူငယ်တို့အတွက် ကောင်းမွန်သောအရည်အသွေးတစ်ခုမှာ လူသားချင်းစာနာထောက်ထားမှုဖြစ်သည်။ လူသားချင်းစာနာခြင်းသည် အခြားသူများကို ကြင်နာတတ်သော အတွေးအခေါ်နှင့် ဆက်စပ်နေသည်။ လူငယ်များအနေဖြင့် ကြင်နာမှု၊ ကရုဏာ၊ နားလည်မှုဖြင့် ပရဟိတလုပ်ငန်းများ ပြုလုပ်လေလေ ရင့်ကျက်လာလေလေဖြစ်ပြီး လူသားဆန်မှုကို ပြသနိုင်လေလေဖြစ်သည်။

လူသားဆန်ခြင်းနှင့်ပတ်သက်၍ လူငယ်များ သိရှိသင့်သောဆိုစကားများရှိသည်။ "လူငယ်တွေကို သူတို့ရဲ့အခွင့်အရေးကို ငြင်းပယ်ဖို့က သူတို့ရဲ့လူသားဆန်မှုကိုစိန်ခေါ်ဖို့ပါပဲ" ဟု နယ်လ်ဆင်မင်န်ဒဲလားက ဆိုသည်။ ထို့ပြင် ဒလိုင်းလားမားက မေတ္တာနှင့် ကရုဏာသည် ဇိမ်ခံပစ္စည်းမဟုတ်၊ မရှိမဖြစ်လိုအပ်သည်။ ၎င်းတို့မရှိလျှင် လူသားမျိုးနွယ်သည် ရှင်သန်နိုင်မည်မဟုတ်ချေ" ဟု ဖော်ညွှန်းခဲ့သည်။ စင်စစ် လူသားချင်းစာနာထောက်ထားမှုသည် မေတ္တာနှင့် ကရုဏာကို အခြေခံပြီး စာနာစိတ်ဖြင့် ပေါက်ဖွားလာခြင်းဖြစ်သည်။

လူသားမျိုးနွယ်တို့သည် သဘာဝဘေးအန္တရာယ် ရင်ဆိုင်တွေ့ကြုံရသောအခါ စိတ်ပျက်အားငယ်ကြသည်။ ကြောက်ရွံ့ကြသည်။ စိန်ခေါ်မှုများကို ရင်ဆိုင်ရန် မဝံ့မရဲဖြစ်ကြသည်။ ဤကဲ့သို့သော စိန်ခေါ်မှုအချိန်ကာလများတွင် မိမိကိုယ်ကို စိတ်ဓာတ်မြှင့်တင်ပေးရန်လိုသည်။ အခြားသူများကိုလည်း အခက်အခဲများ ရင်ဆိုင်ကျော်လွှားနိုင်ရန် လှုံ့ဆော်ပေးရမည်ဖြစ်သည်။ လူငယ်များအနေဖြင့် ပရဟိတလုပ်ငန်းများတွင် ပါဝင်ခြင်း၊ ကိုယ်ချင်းစာစိတ်ဖြင့် မျှဝေခံစားခြင်း၊ လူသားဆန်မှုဖြင့် မိမိကျရာနေရာမှ ပါဝင်ကူညီခြင်းတို့သည် လူသားချင်းစာနာထောက်ထားမှု၏ ပြယုဂ်များပင်ဖြစ်သည်။

လူငယ်များ၏စိတ်တွင် လူသားချင်းစာနာမှုသည် ဘဝ၏အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း မှတ်ယူထားရန်လိုသည်။ ပရဟိတလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ရင်း သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေသူများ၏ဘဝကို ပိုမိုနားလည်စာနာလာမည်ဖြစ်သည်။ ပရဟိတအဖွဲ့၏ စုပေါင်းအားဖြင့် ကူညီလိုစိတ်များ တိုးပွားလာမည်ဖြစ်သည်။ အသင်းအဖွဲ့၏ လုပ်ဆောင်မှုလုပ်ငန်းတာဝန်များကို လက်တွေ့သိမြင်နားလည်လာမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် သဘာဝဘေးအန္တရာယ်များ ဖြစ်တတ်စမြဲဖြစ်သည်။ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်နိုင်သည့်အရာများလည်း ရှိသလို၊ သဘာဝဘေးအန္တရာယ်ဖြစ်ပြီးနောက် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးသည် အရေးပါသောလုပ်ငန်းဖြစ်သည်။ ထိုလုပ်ငန်းများအတွက် မိမိနိုင်ငံအဖွဲ့အစည်းများ၊ ပြည်သူလူထုသာမက နိုင်ငံတကာမှ ငွေကြေး၊ နည်းပညာ၊ ပညာရှင်အထောက်အပံ့များဖြင့် ဆောင်ရွက်ရသည်။ ဤတွင် လူငယ်များအနေဖြင့် လူမှုကူညီရေးအသင်းများ၊ ကြက်ခြေနီအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရင်း လူမှုအဖွဲ့အစည်းတွင်ဘေးဒုက္ခရောက်နေသူများ၊ အခက်အခဲဖြစ်နေသူများ၊ လိုအပ်နေသူများအတွက် စာနာထောက်ထားမှုစိတ်ထားဖြင့် လူသားဆန်ခြင်းကို လက်တွေ့လုပ်ဆောင်နိုင်ကြပြီဖြစ်သည်။ နိုင်ငံတကာမှ လက်တွေ့ဖြစ်ရပ် ဇာတ်လမ်းတစ်ပုဒ်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့ပြီးနောက် ရင်ဆိုင်ဖြေရှင်းခဲ့မှုကို ဥပမာတစ်ခုအနေဖြင့် တင်ပြလိုပါသည်။ Puerto Rico ၏ Barrio Toro Negro အသိုက်အဝန်းမှ အဖွဲ့ဝင်များသည် မြစ်ကိုဖြတ်၍ မိမိတို့နေအိမ်မှ ဘေးကင်းစွာ သွားလာနိုင်ခြင်းမရှိသည်ကို တွေ့ရှိသောအခါ ရွာ၏အဓိကအစိတ်အပိုင်းနှင့် ဆက်သွယ်ထားသော တံတားနှင့် လမ်းများကို ဖန်တီးနိုင်ရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်။ ဤသို့ဖြင့် အလုပ်သွားခြင်း၊ ကျောင်းတက်ခြင်းနှင့် ဆေးရုံများဆီသို့ သွားခြင်းတို့ကို အန္တရာယ်ကင်းစွာ သွားရောက်နိုင်ခဲ့ကြသည်။ ဆိုလိုသည်မှာ လူငယ်များအနေဖြင့် မိမိတတ်နိုင်သော စွမ်းပကားဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ခြင်းသည် အရာရောက်စေသည်။

သို့ဖြစ်ရာ အနာဂတ်၏မျိုးဆက်များဖြစ်သော လူငယ်များအနေဖြင့် စာနာမှု၊ ချစ်ခြင်းမေတ္တာ၊ အခြားသူများကို လေးစားခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့နေသူများအတွက် လူသားချင်းစာနာထောက်ထားမှုစိတ်ထားဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ကြပါစေကြောင်း တင်ပြလိုက်ပါသည်။ ။

## ရယ်စရာ ပြုံးစရာ နိုင်ငံတကာဟာသများ

မာတင်ဖဲ


မိုးကုတ်စက်ဝိုင်းပေါ်က အချက်ပြမီးခိုး ထွက်လာတာကို လူ နီးရိုင်းနှစ်ယောက်က ကြည့်နေကြတယ်။ ပြီးတော့မှ တစ်ယောက်က တစ်ယောက်ဘက် လှည့်လိုက်ပြီး

"သူတို့ ဘာ ကြိုးစားပြောနေတယ် ဆိုတာ မင်းကိုယ်မင်း သိမိလိုက်သလား" ဟု မေးလိုက်တယ်။

"ဟင့်အင်း... ဒါပေမဲ့ ထူး ခြားတဲ့ ခံစားမှုတော့ ငါရလိုက်တယ်။ ရွာမီးလောင်နေပြီ ဆိုတာပဲကွာ"



"ဟေး... စားပွဲထိုး စားပွဲထိုး ငါ့ရဲ့စွပ်ပြုတ်ထဲမှာ ယင် ကောင်တစ်ကောင်ဟ..."
"ကျွန်တော်သိပါတယ်၊ အဲဒါ ယင်ကောင်စွပ်ပြုတ်လေ ခင်ဗျ ..."





လူတစ်ယောက်ဟာ ရဲစခန်းထဲဝင်လာပြီး အော်ဟစ်လိုက်တယ်။

"ကျွန်တော့်ကား အခိုးခံလိုက်ရပြီဗျို့"

ရဲသားက ပြောလိုက်တယ်။ "စိတ်အေးအေးထားပါလေ၊ ကဲ သူခိုးကို ခင်ဗျားမှတ်မိလိုက်သလား"

အဲဒီလူက ပြန်ပြောလိုက်တယ်။

"ဟင့်အင်း... ဒါပေမဲ့ ကျွန်တော့်နံပါတ်တော့ မှတ်လာခဲ့သဗျ"

# လျှင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန

## ငလျင်ဘေးပညာပေးစာစောင်

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတော့တင်း ခိုင်မာအောင်ပြုလုပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ (၅) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြံစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



## ငလျင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။



၂။ ဓာတ်လှေကားများ အသုံးမပြုပါနှင့်။




၃။ အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။



၃။ ဆည်၊ရေလှောင်ကန်များ အနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်ပြီး ရေကြီးနိုင်သည်။

၄။ တာဝါတိုင်များ၊မျှော်စင်များ၊အထပ်မြင့်အဆောက် အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင် များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်း ကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။


၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

## ငလျင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်း မပြုဘဲမဝင်ရ။

၂။ မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

## မြန်မာနိုင်ငံ၏ ငလျင်ဇုန်များပြမြေပုံ




## ငလျင်ပြင်းအားများ

| ငလျင် ပမာဏ ရစ်ချ်တာ စကေး | သက်ရောက်မှုရှိနိုင်ခြေ |
|---|---|
| ၂ အထက် | မသိသာသော အခြေအနေဖြစ်ပါသည်။ |
| ၂ နှင့် ၄ ကြား | လူအချို့သတိထားမိသည့် အခြေအနေဖြစ်သည်။ |
| ၄ နှင့် ၄.၉ ကြား | လူတိုင်းလိုလို ခံစားမိသော အခြေအနေ ဖြစ်သည်။ |
| ၅ နှင့် ၅.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင် မပြောပလောက်သော ပျက်စီးမှု တွေ့ရသော အခြေအနေဖြစ်သည်။ |
| ၆ နှင့် ၆.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံတွင်ပင် သိသာသော ပျက်စီးမှု တွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၇ နှင့် ၇.၉ ကြား | ခိုင်ခံ့သော အဆောက်အအုံများတွင်ဆိုးရွားသော ပျက်စီးမှု တွေ့ရသော အခြေအနေ ဖြစ်သည်။ |
| ၈ နှင့်အထက် | ကြီးမားသော ပျက်စီး ပြိုကျမှုများ တွေ့ရသော အခြေအနေဖြစ်သည်။ |

ငလျင်သည် အလျားလိုက်နှင့် အထက်အောက်လှုပ်ရှားနိုင်ပြီး ငလျင်၏ပြင်းအား၊ အဆောက်အအုံ၏တည်ဆောက်ပုံ၊ တည်နေရာ တို့အပေါ်မူတည်၍ ပျက်စီးမှုများ ကွာခြားနိုင်ပါသည်။

သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ရုံးအမှတ်(၂၃)၊ နေပြည်တော်
၂၄နာရီဆက်သွယ်ရန်- ၀၆၇ ၃၄၀၄၆၆၆၊ ၀၆၇ ၃၄၀၄၇၇၇
Email- ddmrelief.lm@gmail.com
Reliefupper2022@gmail.com
myanmareoc.rrd@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာမဖတ်သည့်သူမှာ ရပ်နေသည့်လူနှင့်တူ...**

❖ **စာတတ်ပြီး စာလည်းဖတ်သည့်သူမှာတော့ လမ်းလျှောက်နေသည့်သူနှင့်တူ...**

❖ **လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန် မိမိတို့အားပေးကြရမည်ဖြစ်...**

❖ **စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ/တပ်ရင်းတပ်ဖွဲ့ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ နေပြည်တော်သို့ရောက်ရှိ



နေပြည်တော် ဧပြီ ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာ နိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက်ရောက်ရှိကြသည်။

အိန္ဒိယနိုင်ငံမှ လှူဒါန်းသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ၊ ယာယီရုံးခန်းများ စုစုပေါင်း ပစ္စည်းတန်ချိန် ၅၀ နှင့် အဆိုပါ ယာယီရုံးခန်းများ တည်ဆောက်ရန် အင်ဂျင်နီယာ ကိုးဦးတို့အား တင်ဆောင်လာသော C-17 လေယာဉ်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိသည်။ စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ**

စာမျက်နှာ » ၈

---

**ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာနေထိုင်နိုင်ရေး ယာယီတည်းခိုရေးစခန်းများ တည်ဆောက်ဖွင့်လှစ်ပြီး နေရာချထားပေးလျက်ရှိ**

စာမျက်နှာ » ၁၁

# နာပိုလီအသင်းက အမ်ပိုလီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရပြီး စီးရီးအေ အမှတ်ပေးဇယားထိပ်က အင်တာကို ဆက်လက်ဖိအားပေးနိုင်ခဲ့

အီတလီစီးရီးအေပွဲစဉ်(၃၂)ရဲ့ နောက်ဆုံးပွဲစဉ်အဖြစ် ဧပြီ ၁၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ နာပိုလီအသင်းနဲ့ အမ်ပိုလီအသင်းတို့ ပွဲစဉ်မှာ နာပိုလီအသင်းက အမ်ပိုလီအသင်းကို အနိုင်ရပြီး အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်က အင်တာမီလန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

**သွင်းယူ**

နာပိုလီအသင်းဟာ အမ်ပိုလီအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပြီး နာပိုလီအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၈ မိနစ်နဲ့ ၆၁ မိနစ်တို့မှာ အမ်တွန်မီနေးက နှစ်ဂိုး၊ ၅၆ မိနစ်မှာ လူကာကူက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❍




နာပိုလီအသင်းနှင့် အမ်ပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။